# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၁)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ဗီယက်နမ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျုံးသန်စန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## နီပေါနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဘာဘူရမ် ဘာတာရိုင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

# မေးခွန်း (၁၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်းနှင့် အဆိုအသစ်တင်သွင်းခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၅)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၁၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အမည်စာရင်းပေး

အမျိုးသားလွှတ်တော်၌ တင်သွင်းအတည်ပြုပြီးသည့် **အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်း** နှင့် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ဩဂုတ် (၃၀)ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိထားပြီးဖြစ်ရာ ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လာမည့်အပတ်အတွင်း ဆွေးနွေးရန်လျာထားပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းများကိုစိစစ်၍ ကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အကြောင်းအရာ"ကို တိကျစွာဖော်ပြ၍ စက်တင်ဘာ (၅)ရက် နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း သိရှိရသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ လယ်ယာဆည်မြောင်းကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း (၄)ခုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

သီပေါမြို့နယ်၌ ဆေးဖက်ဝင် နဂါးမောက်သီးများ ဈေးကွက်များသို့ လှိုင်လှိုင်ဝင်။ စာ ၇

ခရီးသွားများ လူကူးမျဉ်းကျားမှ ဖြတ်ကူးလျှင် အန္တရာယ်ကင်းနိုင်။ စာ ၇

က မ္ဘာ့ ပြေး ခုန် ပစ် လမ်းလျှောက်ပြိုင်ပွဲ ရုရှားမှ စကီနာဗိုလ်စွဲ။ စာ ၁၂

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်)

# သစ်ပင်ကို တိုးချဲ့စိုက်ပျိုး၊ သစ်တောကို ထိန်းသိမ်းကာကွယ်

သစ်တောသစ်ပင်သည် သဘာဝရာသီဥတုပြုပြင်ရာတွင် အဓိကကျလျက်ရှိသည်။ သစ်တောပြုန်းတီးလျှင် သဘာဝရာသီဥတုကြောင့် အပူလွန်ကဲခြင်း၊ အအေးလွန်ခြင်းများဖြစ်ပေါ်ရသည်။ ရာသီဥတုများ လွန်ကဲမှုကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲကြုံတွေ့ရပြီး စားနပ်ရိက္ခာရှားပါးမှုကို ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သဘာဝသစ်တောများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ ပြည်သူတိုင်း၏ တာဝန်ဖြစ်သည်။

သစ်တောသစ်ပင်များသည် ဇီဝမျိုးစုံကိုလည်းထိန်းသိမ်းရန်အတွက် မရှိမဖြစ်လိုအပ်ပေသည်။ မြန်မာနိုင်ငံရှိ ရေ၊ မြေ၊ တော၊ တောင် သဘာဝပတ်ဝန်းကျင်သည် သက်ရှိသတ္တဝါများအားလုံးကို အကျိုးပြုလျက်ရှိသည်။

ယခုအခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အိုဇုန်းလွှာများပျက်စီးခြင်း၊ သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုများဖောက်ပြန်ကာ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသော ဂေဟာစနစ်များ ပျက်ယွင်းမှုကို ဖြစ်ပေါ်စေရသည်။ မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဇီဝမျိုးစုံကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောသစ်ပင်များ အရှည်တည်တံ့ရေးအတွက် တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ အမျိုးသားသဘာဝနယ်မြေများ သတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းထူထောင်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်း၊ ရေဝေရေလဲဒေသထိန်းသိမ်းခြင်း စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သစ်တောသစ်ပင်ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့ခြင်းတို့သည် လူ့အသုံးအဆောင်ပစ္စည်းများရရှိခြင်း၊ သီးနှံများစားသုံးရခြင်း၊ အရိပ်အာဝါသရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ကို သာယာလှပစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခံစားရပေသည်။

သို့ဖြစ်ပေရာ "သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဆောင်ပုဒ်နှင့်အညီ ဒေသခံပြည်သူများသည် သစ်ပင်များကိုတိုးချဲ့စိုက်ပျိုးပြီး ဖြစ်ထွန်းလာသည့် သစ်တောသစ်ပင်များ အရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီး(အကြီးတန်း) ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီး (အကြီးတန်း) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ကမ္ဘောဇ ဘောလုံးကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီးတို့ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် တောင်ကြီးခရိုင် အမျိုးသမီးဘောလုံးအသင်းနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ပူးတွဲတတိယဆုရ ကျောက်မဲခရိုင် ဘောလုံးအသင်းနှင့် လားရှိုးခရိုင် ဘောလုံးအသင်းတို့အား ဆုငွေကျပ်ငါးသောင်းစီနှင့် ဒုတိယဆုရ တောင်ကြီးခရိုင် ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးတို့၏ ဇနီးများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးကလည်းကောင်း၊ ဆုငွေကျပ်သုံးသိန်းနှင့်တံခွန်စိုက်ဖလား၊ ဆင့်ပွားဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဖြူဖြူညွန့်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ် မြောင်းမြမြို့နယ်၌ဖွင့်

မြောင်းမြ စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဘုရားချောင်းအစုကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ ရပ်မိရပ်ဖ ဦးမင်းလွင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျန်းမာရေးဌာနခွဲမှာ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၀ သိန်း၊ ဝေါ်ဗွီးရှင်း (မြန်မာ)မှ ပံ့ပိုးကူညီငွေကျပ် ၂၄သိန်း၊ စုစုပေါင်း ငွေကျပ် ၄၅သိန်းကုန်ကျခံကာ အလျား ပေ ၃၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေ၊ အုတ်ညှပ်တစ်ထပ်သွပ်မိုး၊ ကွန်ကရစ်ခင်း၊ မီးဖွားခန်းသုံးပစ္စည်းအစုံအလင်ဖြင့် အစုကြီးကျေးရွာအုပ်စု၊ ကံချောင်ကျေးရွာအုပ်စု၊ လေးအိမ်တန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပဲခူးမြို့တွင် ယှဉ်ပြိုင်

ပဲခူး စက်တင်ဘာ ၁

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပဲခူးခရိုင်အဆင့်ပြိုင်ပွဲကို ပဲခူးမြို့မြို့တော်ခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အဆိုပြိုင်ပွဲတွင် မဟာဂီတနှင့် ကာလပေါ်၊ အမျိုးသားကာလပေါ်၊ အမျိုးသမီးကာလပေါ်၊ အဆင့်မြင့်အမျိုးသားကာလပေါ်၊ ဝါသနာရှင် အမျိုးသားကာလပေါ်၊ ဝါသနာရှင် အမျိုးသမီးကာလပေါ်၊ အဆင့်မြင့်အမျိုးသား ခေတ်အကြိုက်၊ ဝါသနာရှင် အမျိုးသမီးခေတ်အကြိုက်ပြိုင်ပွဲများကို နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ညနေပိုင်း ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ် အကပြိုင်ပွဲဝါသနာရှင်အဆင့် အမျိုးသားအကပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် အမျိုးသမီးအကပြိုင်ပွဲများကို ကျင်းပခဲ့သည်။ အဆိုပြိုင်ပွဲတွင် မြို့နယ်များမှ ပြိုင်ပွဲဝင် ၂၀၊ အကပြိုင်ပွဲ၌ မြို့နယ်များမှ ပြိုင်ပွဲဝင်ကိုးဦး စုစုပေါင်း ၂၉ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲဆုရသူများကို ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ဂုဏ်ပြုမှတ်တမ်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၂၁)

## ဆုချီးမြှင့်

**ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသော မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက သူငယ်တန်းမှ သတ္တမတန်းအထိ ပထမဆုရရှိခဲ့သည့် မရွှန်းလဲ့ရည်အား ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ ၂၊ အမှတ် ၃၂အား ဩဂုတ် ၃၁ရက်(ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star World ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Miss Universe 2011 အလှမယ်ရွေးချယ်ပွဲကြီးအကြောင်း Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် iTunes Festival 2011 ဂီတဖျော်ဖြေပွဲနှင့်အတူ အခြားဂီတအစီအစဉ်ကောင်းများ၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရမည့် Intellectual Talk အစီအစဉ်သစ်၊ ရုပ်သံလိုင်းသစ်တစ်ခုဖြစ်သည့် Channel News Asia (CNA) ရုပ်သံလိုင်းအကြောင်း၊ Mandalay FM လေလှိုင်းတွင် နားဆင်ရမည့် Night of Jazz အစီအစဉ်သစ်၊ ရုပ်သံလိုင်းအားလုံး၏စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ အစီအစဉ်များလည်းပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆) သို့ မှာယူနိုင်သည်ဟုသိရှိရသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ငပုတော၌ ဆောင်ရွက်

ငပုတော စက်တင်ဘာ ၁

ပုသိမ်ခရိုင် ငပုတောမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လိပ်ချောင်းကျေးရွာအုပ်စု ဥယျာဉ်ကုန်းနှင့် ဒယ်ကုန်းကျေးရွာတို့ရှိပြည်သူများအား ဒေါက်တာမြင့်သန်းနှင့် အခြေခံမွေး/ကုသင်တန်းဆင်းများက ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဥယျာဉ်ကုန်း အမကကျောင်းတွင် မွေးမြူရန် ကြက်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကောလင်းမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကောလင်း စက်တင်ဘာ ၁

ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ၂၀၁၁-၂၀၁၂ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက်က မြေနီကျေးရွာအုပ်စု တံဖူးကျေးရွာအနီးရှိ တောင်သူဦးအောင်ခင်၏ လယ်၌ကျင်းပသည်။

**မျိုးစိုက်ထည့်**

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စပါးခင်း ဧက ၇၀ အတွင်းသို့ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် တီလားပီးယားငါးကောင်ရေ ၃၅၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

# သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်း ပခုက္ကူမြို့၌ သင်တန်းဖွင့်မည်

ပခုက္ကူ စက်တင်ဘာ ၁

ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်စေရေးအတွက် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)မှ စီစဉ်ကြီးကြပ်၍ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို ပခုက္ကူမြို့တွင် စက်တင်ဘာ ၁၉ ရက် မှ ၂၅ ရက်ထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းနည်းပြများမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲမှ အစားအသောက်ပညာရှင်များ လာရောက်ပို့ချမည်ဖြစ်ပြီး ဒေသထွက်သစ်သီးဝလံမျိုးစုံကို တာရှည်ခံအောင်ပြုလုပ်သည့် နည်းပညာများ ပို့ချမည်ဖြစ်ကြောင်းနှင့် ပခုက္ကူမြို့ အထက်တန်းရက်ကန်းကျောင်း ဖုန်း-၀၆၂-၂၁၁၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး)**

*✻ ရှေ့ဖုံးမှ*

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ဒေါင်းမြူးတမံတည်ဆောက်ရေးအတွက် အထူးစီမံကိန်းကြီးများတည်ဆောက်ခွင့်ပြုရာတွင် ပါဝင်ခဲ့သော်လည်း ယနေ့တိုင် စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါသဖြင့် ဒေါင်းမြူးတမံ တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေါင်းမြူးရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဆည်ဦးကျေးရွာအနီးတွင်တည်ရှိပါကြောင်း၊ စိုက်ပျိုးရေးအတွက်သာမက ဝန်းသိုမြို့နှင့် ကောလင်းမြို့ ရေကြီးမှုမှကာကွယ်နိုင်ရန်ရည်ရွယ်ပြီး အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈)အစည်းအဝေးမှ တည်ဆောက်အကောင်အထည်ဖော်ရန် သတ်မှတ်အတည်ပြုခဲ့သော စီမံကိန်းလုပ်ငန်းဖြစ်ပါကြောင်း၊ ဒေါင်းမြူးချောင်းပေါ်တွင် အမြင့်(၁၃၅)ပေရှိ မြေသားတမံတည်ဆောက်၍ ရေ(၆၄၆၆၀)ဧကပေ သိုလှောင်ကာ သီးထပ်၊ သီးညှပ်အနေဖြင့် လယ်ဧက(၁)သောင်းခန့်အား အကျိုးပြုနိုင်မည့် စီမံကိန်းလုပ်ငန်းဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဇလဗေဒတိုင်းတာခြင်း၊ မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း၊ တမံ၊ (၄×၆)ပေ(၂)ပေါက်ပါ ရေထုတ်ပြွန်နှင့်အကျယ်ပေ(၁၅၀)ရှိ ရေပိုလွှဲဒီဇိုင်းပုံစံ ထုတ်လုပ်ခြင်းလုပ်ငန်းများအား ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့၏ လုပ်ငန်းဦးစားပေး အစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင် မူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

## အပြီးသတ်ကောက်ခံ

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ **မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကို ပြန်လည်ပေးဆပ်ရမည့် နောက်ဆုံးသတ်မှတ်ရက်အား နောက်နှစ် မတ်လ(၃၁)ရက်သို့မဟုတ် မတ်လ တတိယပတ်အကုန်အထိ မြို့နယ်အသီးသီးရှိ ဘဏ်ခွဲများမှ စောင့်ဆိုင်းကောက်ခံပေးရေးကို ပဲစိုက်တောင်သူများ၏ အခက်အခဲနှင့် နစ်နာမှုများကို ရှေးရှုပြီး စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် သီးနှံများအတွက် ငွေထုတ်ချေးရာတွင် ချေးငွေပြန်လည်ကောက်ခံချိန် သတ်မှတ်ခြင်းကို သီးနှံများမပေါ်ခင် ကောက်ခံပါက ငွေချေးသူ တောင်သူများအတွက် ပြန်လည်ပေးဆပ်ရန် အခက်ကြုံနိုင်သကဲ့သို့ သီးနှံများရောင်းချပြီး၍ တောင်သူများလက်ဝယ်ငွေဆပ်ရန် ငွေမရှိတော့သည့် အချိန်တွင်မှ ကောက်ခံပါကလည်း ချေးငွေများ အပြည့်အဝပြန်လည်ရရှိရန် အခက်အခဲရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သီးနှံများငွေပေါ်ချိန် လယ်သမားလက်ဝယ်ငွေဝင်ချိန်ဖြစ်သည့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတို့တွင် ချေးငွေများကို စတင်ကောက်ခံရန်နှင့်မတ်လကုန်တွင် အပြီးသတ်ကောက်ခံရန် ဆောင်ရွက်ထားရှိခြင်းဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှချေးယူထားရသည့်ချေးငွေများကို ချေးယူသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြေကျေအောင်ဆပ်ရန် ဘဏ်မှတာဝန်ယူဆောင်ရွက်ရသည့်စနစ် ဖြစ်ပါကြောင်း၊ သို့မှသာလျှင် လာမည့်ဘဏ္ဍာရေးနှစ် နောက်တစ်နှစ်အတွက် ထုတ်ချေးရန် တွက်ချက်ခြင်းနှင့် လိုအပ်ငွေချေးယူရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်သို့ ကြိုတင်တွက်ချက်တောင်းခံရခြင်း ကိစ္စရပ်များကို အချိန်ကိုက် စီစဉ်ဆောင်ရွက်နိုင်ရန် အချိန်လိုအပ်ပါသဖြင့် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုချုပ် ပြေကျေရေးကောက်ခံဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဘဏ္ဍာရေးနှစ်အတွင်းချေးငွေများကို ဘဏ္ဍာရေးနှစ်ကုန်အမီ တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီအတွင်း ကောက်ခံမှသာသတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်သတ်မှတ်ချက် မတ်လကုန်တွင် စာရင်းချုပ်နိုင်ပြီး စာရင်းရှင်းလင်းနိုင်မည်ဖြစ်ပါကြောင်း၊ အကယ်၍ မတ်လကုန်အထိ စောင့်ဆိုင်းကောက်ခံပါက စာရင်းရှင်းလင်းရာတွင် ဘဏ္ဍာရေးနှစ်ကျော်လွန်သွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးဆိုင်ရာ စာရင်းဇယားများရေးဆွဲရာတွင် ရှုပ်ထွေးမှုများနှင့် အခက်အခဲများဖြစ်လာနိုင်ပါကြောင်း၊ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် သီးနှံစိုက်ပျိုးချိန်၊ သီးနှံထွက်ရှိချိန်များ ဒေသအလိုက်မတူညီခြင်းအပေါ် ဘဏ်လုပ်ငန်းမှ အသင့်လျော်ဆုံး စီမံတွက်ချက်ဆောင်ရွက်နေရသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှု၊ အလွဲသုံးစားမှုများမဖြစ်ရေးကိုလည်း မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ မတ်လ ၃၁ ရက်အထိ စောင့်ဆိုင်းကောက်ခံပေးရန် မေးမြန်းထားခြင်းအပေါ် ဘဏ်အနေဖြင့် ချေးငွေပြန်လည် ပေးဆပ်ရမည့် နောက်ဆုံးရက်ကို ယခင် ဖေဖော်ဝါရီ ၁၅ ရက် အစား ယခု ဖေဖော်ဝါရီလကုန်အထိ တိုးမြှင့်ခွင့်ပြုပြီး ကောက်ခံပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

## ဓာတ်အားရယူသုံးစွဲ

အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ အရာတော်မြစ်ရေတင်စီမံကိန်း (၁)ကို တည်ဆောက်ရန်အစီအစဉ် ရှိ/မရှိ၊ အရာတော်မြစ်ရေတင်စီမံကိန်း(၂)နှင့် (၃)လျှပ်စစ်သွယ်တန်းတပ်ဆင်ရေးလုပ်ငန်းကို မည်သည့်အချိန်တွင် လုပ်ဆောင်မည်နှင့် စီမံကိန်းကို မည်သည့်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်မည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၂ ခုနှစ် ဧပြီတွင် အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် မူးမြစ်မှရေတင်လုပ်ငန်းများ ဆောင်ရွက်ရန် အရာတော်မြို့နယ် ဘောင်းကျကျေးရွာအနီး၌ အရာတော်(၁)စီမံကိန်း၊ မကျီးစောက်ကျေးရွာအနီး၌ အရာတော်(၂)စီမံကိန်းနှင့် သလဲဘာကျေးရွာအနီး၌ အရာတော်(၃)စီမံကိန်းများအဖြစ် သတ်မှတ်ပြီး ကနဦး ကွင်းဆင်းလေ့လာခဲ့သည်ကို မှတ်တမ်းများအရ သိရှိရပါကြောင်း၊ ဘောင်းကျကျေးရွာအနီး အရာတော်(၁) စီမံကိန်းကို မူလကပင် နိုင်ငံတော်ဦးစားပေးအဆင့် သတ်မှတ်ထားခြင်းမရှိဘဲ နိုင်ငံတော်ရန်ပုံငွေနှင့် လျှပ်စစ်ဓာတ်အားခွဲဝေရရှိမှု ဦးစားပေးလုပ်ငန်းတွင်လည်း ပါဝင်ခဲ့ခြင်းမရှိသည့်အတွက် ယနေ့အထိ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့လည်း တင်ပြတောင်းခံထားခြင်းမရှိသေးသည်ကို မှတ်တမ်းများအရ တွေ့ရှိရပါကြောင်း၊ အရာတော်(၂) စီမံကိန်းအား ၂၀၀၂ ခုနှစ် ဇူလိုင်မှလည်းကောင်း၊ အရာတော်(၃) စီမံကိန်းအား ၂၀၀၃ ခုနှစ် စက်တင်ဘာမှလည်းကောင်း စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အရာတော်(၂) စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ (၂၀) အမ်ဗွီအေဖြစ်ပြီး အရာတော်(၃)စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ (၄၅) အမ်ဗွီအေဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့ ကန်တလူကျေးရွာအနီး အုန်းတောဓာတ်အားခွဲရုံနေရာတွင် (၂၃၀/၆၆/၁၁)ကေဗွီ၊ (၁၀၀)အမ်ဗွီအေ ခွဲရုံ(၁)ခု တည်ဆောက်ပြီး အရာတော်(၂)၊ အရာတော်(၃)၊ ဆင်တပ်၊ ပျော့ရွာနှင့် တပ်ရွာစီမံကိန်းများသို့ ဓာတ်အားရယူသုံးစွဲရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

အုန်းတောပင်မခွဲရုံ ၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀)အမ်ဗွီအေခွဲရုံအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ခုနှစ်တွင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅ ဒသမ ၁)သန်း လျာထားတင်ပြခဲ့သော်လည်း နိုင်ငံတော်အနေဖြင့် အခြားဦးစားပေးလုပ်ငန်းများ ရှိနေသည့်အတွက် အမေရိကန်ဒေါ်လာ (၂ဒသမ ၁၃) သန်းသာ ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၂-၂၀၁၃ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၂ဒသမ၉၇)သန်း ဦးစားပေးရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လိုအပ်ရန်ပုံငွေ ခွင့်ပြုပေးမှုရှိပါက ၂၀၁၃-၂၀၁၄ခုနှစ်တွင် (၁၀၀)ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်သတ်မှတ်ပြီး နိုင်ငံခြားငွေ အပါအဝင် ရန်ပုံငွေလိုအပ်ချက်အား ခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်၍ အကောင်အထည်ဖော်ရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အားလျော်စွာ ဦးစားပေးအဆင့် အစီအစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်သည်ကို သိရှိနားလည်ပေးနိုင်ပါရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံနှင့်အဝန်းလိုအပ်ချက်များအပေါ်တွင် နိုင်ငံတော်၏ ရန်ပုံငွေခွင့်ပြုပေးနိုင်မှု အခြေအနေပေါ်တွင် မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်ရှိ လယ်ဧက(၁)သောင်းကျော်အား ဆည်ရေပေးဝေနိုင်ရေးအတွက် စီတုံးလုံးချောင်းအား တမံပိတ်ရန် အထူးစီမံကိန်းများတွင် ပါဝင်ခဲ့သော်လည်း ယနေ့တိုင်ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသေးသဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီပဒိုးရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီးတွင် တည်ရှိပါကြောင်း၊ စိုက်ပျိုးရေးအတွက်သာမက ကင်းတက်လက်ယာမြောင်း ရေကြီးမှုမှ ကာကွယ်နိုင်ရန်အတွက်လည်း အကျိုးရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၉)အစည်းအဝေးမှ ခွင့်ပြုပေးခဲ့ပြီး စီပဒိုးချောင်း(စီတုံးလုံးချောင်း) ပေါ်တွင် အမြင့်(၇၁)ပေရှိ မြေသားတမံတည်ဆောက်၍ ရေ(၇၉၄၇၀)ဧကပေ သိုလှောင်ကာ လယ်ဧက (၁၀၀၀၀)အတွက် ရေပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းအား စတင်နိုင်ရန်အတွက် ဇလဗေဒတိုင်းတာခြင်း၊ မြေပြင်တိုင်းတာခြင်းနှင့် ဘူမိဗေဒစူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲဒီဇိုင်းပုံစံများကို ရေးဆွဲဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ နိုင်ငံနှင့်အဝန်း လိုအပ်ချက်များအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင် တည်မှီပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၄)ခုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

## စီစဉ်ထား

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့သည် ချင်းတွင်းမြစ်အထက်ပိုင်း မြို့နယ်တစ်ခုဖြစ်ပြီး ဒေသတွင်းလူဦးရေသုံးသိန်းနီးပါးရှိသဖြင့် အထက်ချင်းတွင်းဒေသကောလိပ် တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သင်ယူလိုသော အထူးပြုဘာသာရပ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် ရွှေဘိုတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်တို့တွင် သင်ယူလျက်ရှိကြပါကြောင်း၊ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ ခန္တီး၊ ဖောင်းပြင်မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများသည် မုံရွာတက္ကသိုလ်သို့သွားရောက်၍ တက္ကသိုလ်ပညာရပ်များကို ဆည်းပူးရန်သတ်မှတ်ထားပါကြောင်း၊ ထိုသို့ တက္ကသိုလ်၊ ကောလိပ်များသတ်မှတ်ပေးရာတွင်သွားလာမှုအဆင်ပြေနိုင်ဆုံး၊ ကုန်ကျစရိတ် အနည်းဆုံး ဖြစ်စေမှုကိုအခြေခံ၍ မိမိဒေသနှင့်အသင့်တော်ဆုံးနေရာတွင် ပညာသင်ယူခွင့်ရရှိစေရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မုံရွာတက္ကသိုလ်၌ ဟုမ္မလင်း၊ လဟယ်၊ လေရှီး၊ ခန္တီး၊ ဖောင်းပြင် မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူဦးရေ(၅၅၁)ဦး ပညာဆည်းပူးရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတကာကကျင့်သုံးလျက်ရှိသော University of Distance Education ကို တည်ထောင်ကာ နိုင်ငံတစ်ဝန်းလုံး၌ မည်သည့်အရပ်၌နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားနိုင်ရန် အခွင့်အလမ်း ဖွင့်ပေး၍ စီးပွားရေးပညာအပါအဝင် ဝိဇ္ဇာသိပ္ပံပညာရပ်အားလုံးကို သင်ကြားပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လောလောဆယ်တွင် ကောလိပ်တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ **ပထမအကြိမ် ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် 'ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့်မောင်တောမြို့နယ်များမှ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် တည်ဆဲနိုင်ငံသားဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ပြီး အနိမ့်ဆုံးအမှတ်ကိုပြည့်မီပါက တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများသို့ဝင်ခွင့်ပြုကြောင်း' ဖြေကြားခဲ့ရာ ထိုကျောင်းသားများ၏ နိုင်ငံသားကတ်ကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဌာနများက အချိန်မီရရှိအောင် မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်း၊ **ပထမအကြိမ် ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် 'ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ အခြေခံပညာကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများ ခန့်ထားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း' ဖြေကြားခဲ့သော်လည်း ဘူးသီးတောင်နှင့်မောင်တောမြို့နယ်များ၏ ဒေသခံဘာသာစကားနှင့် ဓလေ့ထုံးစံကို နားလည်သော ဇာတိနွယ်ဖွား ဒေသခံဆရာ၊ ဆရာမများ ရရှိအောင် မည်ကဲ့သို့ဆောင်ရွက်လျက်ရှိသည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့် **ရခိုင်ပြည်နယ် မောင်တောခရိုင်၏ ပညာရေးနိမ့်ကျနေမှုသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်လူနေမှုဘဝမြင့်မားရေးကို များစွာ ဟန့်တားနေပါသဖြင့် နိုင်ငံတော်အစိုးရက မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် မိမိတို့နှစ်သက်ရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများသို့ တက်ရောက်သင်ယူနိုင်ကြပါကြောင်း၊ အဆိုပါ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ရန်အတွက် သတ်မှတ်ထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ရမှတ်ပြည့်မီရန်လိုအပ်ပြီး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်လည်း ညီညွတ်ရန်လိုအပ်ပါကြောင်း။

## တာဝန်ထမ်းဆောင်

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင်ခန့်ထားသော ဆရာ၊ ဆရာမအများစုမှာ ဒေသခံများဖြစ်ပါကြောင်း၊ အခြားဒေသမှလာရောက်တာဝန်ထမ်းဆောင်သူ အနည်းငယ်သာရှိပါကြောင်း၊ ဇနီး၊ ခင်ပွန်း၊ မိဘများပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာသို့ ယာယီလာရောက်တာဝန်ထမ်းဆောင်နေကြခြင်းသာဖြစ်ပါကြောင်း၊ တာဝန်ပြီးဆုံးသည့်အခါ မိမိဒေသသို့ ပြန်ကြရမည့်သူများ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၇)ခု အတွင်းရှိ ဒေသခံဆရာ၊ ဆရာမများသည် မိမိတို့တာဝန်ကျရာ မြို့နယ်များသို့ ရာထူးအလိုက် သွားရောက်တာဝန်ထမ်းဆောင်နေကြခြင်း၊ မိမိတို့မွေးရပ်ဒေသတွင် တာဝန်ထမ်းဆောင်ရသကဲ့သို့ အခြားမြို့နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရခြင်းသာဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း၌သာ မိမိရာထူးတာဝန်နေရာအလျောက် သွားရောက်တာဝန်ထမ်းဆောင်နေကြရပါကြောင်း၊ ထိုနည်းတူ ဘူးသီးတောင်၊ မောင်တော၌ မွေးဖွားသူများလည်း အခြားဒေသတွင် ရာထူးတိုး၍သွားရောက်တာဝန်ထမ်းဆောင်နေကြသူများရှိသကဲ့သို့ အခြားဒေသမှ ဘူးသီးတောင်၊ မောင်တော၌ လာရောက်တာဝန်ထမ်းဆောင်ကြသူများလည်း ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ သင်တန်းသားရွေးချယ်ရေး၊ ဝန်ထမ်းခန့်ထားရေးမူအရ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်မှ ဒေသခံများကိုသာ ရွေးချယ်ခန့်ထားရန် မဖြစ်နိုင်ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံးမှ မိမိတို့ရာထူးနေရာအလိုက် တာဝန်အရ သွားရောက်ထမ်းဆောင်ကြရပါကြောင်း၊ အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း မိမိတိုင်းဒေသကြီးမဟုတ်သော်လည်း အဆင်ပြေသောနည်းဖြင့် လုပ်ငန်းကဏ္ဍအလိုက်အဆင်ပြေအောင် တာဝန်အရ သွားရောက်တာဝန်ထမ်းဆောင်နေကြရပါကြောင်း၊ ဒေသခံ ဆရာ၊ ဆရာမများခန့်ထားရေးနှင့် ပတ်သက်၍ ယခင်က ပညာရေးဌာနတွင် ဆရာ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်လိုသူများ၏ ဆန္ဒပြုလျှောက်လွှာများအရခန့်ထားခဲ့ပါကြောင်း၊ ယခုအခါ ပညာရေးကောလိပ်ဆင်းသူများကိုသာရွေးချယ်ခန့်ထားပါကြောင်း၊ ပညာရေးကောလိပ်သင်တန်း တက်ရောက်ခွင့်ရွေးချယ်ရာတွင် ခရိုင်အလိုက် အချိုးကျခွဲဝေစနစ်ဖြင့် ကျား/မအချိုး၊ ဘာသာရပ်အချိုးအရရွေးချယ်၍ သင်တန်းတက်ရောက်စေပြီး သင်တန်းဆင်းသူများကို နေရာလစ်လပ်မှုအပေါ်မူတည်၍ မိမိဒေသ၌ ဦးစားပေးပြန်လည်ခန့်ထားပါကြောင်း၊ သင်တန်းသားရွေးချယ်ရာတွင် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ပါက မည်သူမဆို စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိပါကြောင်း။

**ဟုမ္မလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး မေးမြန်းစဉ်။**
(သတင်းစဉ်)

**ယင်းမာပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် မေးမြန်းစဉ်။**
(သတင်းစဉ်)

## ပြည့်စုံစွာခန့်ထား

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ပုံမှန်ရှိနေခြင်းမျိုးမဟုတ်ဘဲ အတက်အကျ၊ အနည်းအများကွာဟမှုရှိနေမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူလေ့လာကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်ပါကြောင်း၊ နှစ်အလိုက်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မှာ ၂၀၀၉ခုနှစ်တွင် ဘူးသီးတောင်မြို့နယ် (၁၉ဒသမ၉၅) ရာခိုင်နှုန်း၊ မောင်တောမြို့နယ် (၁၇ဒသမ၂၇)ရာခိုင်နှုန်း၊ ၂၀၁၀ပြည့်နှစ်တွင် ဘူးသီးတောင်မြို့နယ်(၂၂ဒသမ၈၇) ရာခိုင်နှုန်း၊ မောင်တောမြို့နယ်(၁၈ဒသမ၈၅) ရာခိုင်နှုန်း၊ ၂၀၁၁ခုနှစ်တွင် ဘူးသီးတောင်မြို့နယ် (၂၀ဒသမ ၄၁)ရာခိုင်နှုန်း၊ မောင်တောမြို့နယ် (၁၇ဒသမ၀၅) ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ မောင်တောမြို့နယ်တွင် အထက (၅)ကျောင်း၊ အထက(ခွဲ) (၃)ကျောင်း၊ အလက(၈)ကျောင်း၊ အလက(ခွဲ) (၁) ကျောင်း၊ တွဲဖက်အလက(၁)ကျောင်း၊ မူ/လွန်(၁၆)ကျောင်း၊ အမက (၁၂၅)ကျောင်း တို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့နယ်တွင် အထက (၃)ကျောင်း၊ အထက(ခွဲ) (၁) ကျောင်း၊ တွဲဖက်အထက (၂)ကျောင်း၊ အလက (၃)ကျောင်း၊ အလက(ခွဲ) (၃) ကျောင်း၊ မူ/လွန်ကျောင်း (၂၀)၊ အမက (၁၂၂) ကျောင်းတို့ကို လည်းကောင်းဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ မောင်တောခရိုင်တွင် အခြေခံပညာကျောင်းများ လုံလောက်စွာဖွင့်လှစ်ထားပြီး ဆရာ/ဆရာမများ ပြည့်စုံစွာခန့်ထားပြီးဖြစ်ပါ၍ ပညာရေးနိမ့်ကျမှု မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ လူဝင်မှုကြီးကြပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ဖြေကြားသည်။

## အသိပေးပြောကြား

မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိရ်အာမက်(ခ)ဦးအောင်ဇော်ဝင်း၏ **ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ဒေသခံပြည်ထောင်စုဖွား မြန်မာမူစလင်များအား နိုင်ငံတော်အစိုးရက ယာယီနိုင်ငံသားသက်သေခံကတ်ပြား (အဖြူရောင်ကတ်)များကို နိုင်ငံသားစိစစ်ရေးကတ်ပြား(ပန်းရောင်ကတ်)များဖြင့် မည်သည့်အချိန်တွင် လဲလှယ်ထုတ်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသခံမြန်မာမူစလင်များဆိုသည့် အသုံးအနှုန်းသည် ယင်းဒေသ၌ နေထိုင်သောဘင်္ဂါလီလူမျိုးများကို ရည်ညွှန်းပြောဆိုခြင်းဖြစ်မည်ဟု ယူဆပါကြောင်း၊ တည်ဆဲဥပဒေအရ လူတစ်ဦးတစ်ယောက်သည် နိုင်ငံနှစ်ခု၏နိုင်ငံသားအဖြစ် တစ်ပြိုင်တည်းခံယူခွင့်မရှိသည့်အတွက် မြန်မာနိုင်ငံသားအဖြစ်ကိုသာ ခံယူမည်ဆိုပါက အခြားနိုင်ငံသားဖြစ်နေမှုကို တရားဝင်စွန့်လွှတ်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နိုင်ငံဥပဒေအရ ထိုနိုင်ငံ၏နိုင်ငံသားမဖြစ်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မွေးရင်းလူမျိုးနှင့် သက်ဆိုင်သော သက်ဆိုင်ရာနိုင်ငံသံရုံး၌ ၎င်းနိုင်ငံ၏ နိုင်ငံသားအဖြစ်မှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ချက် ကြောင်းနှင့် ၎င်းနိုင်ငံ၏ နိုင်ငံကူးလက်မှတ်ကို

စာမျက်နှာ ၄ ကော်လံ ၁ သို့

2-9 (03).pmd 1 9/2/2011, 2:27 AM

*စာမျက်နှာ ၃ မှ*

ထုတ်ယူထားခြင်းမရှိကြောင်း စသည့် အထောက်အထားများ တင်ပြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအတည်ပြုပြဋ္ဌာန်းထားသည့် ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ တွင် **"နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃-ခုနှစ် မတိုင်မီ ကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်"** ဟု ဖော်ပြထားခြင်းကြောင့် ဥပဒေဖော်ပြချက်တွင်ပါရှိသည့် တိုင်းရင်းသားများနှင့်မျိုးနွယ်စုများ မဟုတ်ပါက နိုင်ငံသားအဖြစ် ခိုင်မာစွာအတည်ပြုနိုင်အောင် ဆက်လက်ဆောင်ရွက်ရမည့် အထောက်အထားများကို တင်ပြရမည့်လုပ်ငန်းစဉ်များကျန်ရှိနေသေးသည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို လူမျိုး၊ ဘာသာအပေါ်အခြေခံဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ ၁၉၈၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် နိုင်ငံသားအရည်အချင်းပြည့်မီခြင်း ရှိ/မရှိဆိုသော အချက်အပေါ်အခြေခံပြီး ထုတ်ပေးရခြင်းဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ မြန်မာနိုင်ငံသားအရည်အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ဩဂုတ် ၂၆ ရက်က သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးမြန်းချက်ကို ဖြေကြားခဲ့စဉ်က အသေးစိတ်ရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း၊ ကာယကံရှင်အနေဖြင့် နိုင်ငံသားအဖြစ် အကျုံးဝင်ကြောင်း၊ ဘိုးဘွား၊ မိဘတို့၏ အထောက်အထားများ တိကျခိုင်မာစွာ တင်ပြနိုင်မှသာ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိနိုင်မည်ဖြစ်သကဲ့သို့ မိမိဝန်ထမ်းများဘက်က နိုင်ငံသားဖြစ်ကြောင်း အထောက်အထားခိုင်မာစွာ တင်ပြနိုင်သူကိုသာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေတို့အရ မြန်မာနိုင်ငံအတွင်းနေထိုင်သူတစ်ဦးဦးသည် ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ် သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်နှင့် ယာယီသက်သေခံ လက်မှတ်တစ်မျိုးမျိုးကို ကိုင်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် နိုင်ငံခြားသားဖြစ်ကြောင်း အထောက်အထားပြည့်စုံစွာ မတင်ပြနိုင်သူများကို နိုင်ငံသားသံသယအဖြစ် ယာယီသတ်မှတ်ရမည်ဖြစ်ပြီး ယာယီသက်သေခံလက်မှတ်များ ထုတ်ပေးကိုင်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ချက်နှင့်ကိုက်ညီပါက **"နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့"**၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပြုခွင့်ရသူအဖြစ် လျှောက်ထားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ၁၉၈၃ ခုနှစ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၄၆)နှင့်အညီ လျှောက်ထားနိုင်သည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ ထိုသို့လျှောက်ထားသူများအတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် အထောက်အကူပြု စိစစ်ကြပ်မတ်ပေးနိုင်ရန်နှင့်ကူညီဆောင်ရွက်ပေးနိုင်ရန် အဖွဲ့များဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း။

## အချိန်ယူစိစစ်

နိုင်ငံသားသံသယရှိသူများ၏ လျှောက်ထားချက်အပေါ် ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှစ၍ ယနေ့အထိ(၁၀၅၀၅၁)ဦးအား နိုင်ငံသားပြုခွင့်ရသူအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ် မောင်တောခရိုင်တစ်ခုတည်းအတွက်သာမက နိုင်ငံတစ်ဝန်းရှိ သွေးနှောပြည်သူများအတွက် ရသင့်သည့် အသိအမှတ်ပြု

လက်မှတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲများ တည်ဆောက်ခြင်း၊ အချိန်ယူစိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများသည် နည်းမျိုးစုံဖြင့် တရားမဝင်ဝင်ရောက်ခြင်း၊ ကူးလူး၊ ဆက်ဆံ ပေါင်းသင်းနေထိုင်မှုများကြောင့် မိမိနိုင်ငံဘက်ခြမ်း၌ ခွဲခြားရန်ခက်ခဲသော လူဦးရေရောထွေးမှုများ အမှန်တကယ်ရှိနေသည် ဆိုသည့်အချက်များကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေးလိုအပ်ချက်များအရ စနစ်တကျ အချိန်ယူစိစစ်ရသော လုပ်ငန်းသည်လည်း အမှန်တကယ် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အရေးကြီးသော နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်ထုတ်ပေးနိုင်ရေး လုပ်ငန်းများအား ကာယကံရှင်များဘက်က သတ်မှတ်ချက်နှင့်အညီ အထောက်အထားများ တင်ပြနိုင်ရေးသည် အဓိကလိုအပ်ချက်ဖြစ်နေပါကြောင်းနှင့် သတ်မှတ်ပြဋ္ဌာန်း ဥပဒေများနှင့်အညီ သင့်လျော်သည့်အချိန်တွင် လုပ်ငန်းများလွယ်ကူချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ **ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှ (၉၀)ရာခိုင်နှုန်းခန့်ရှိသော ဒေသခံများသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် ရန်ကုန်မြို့သို့ ခရီးသွားလိုလျှင် ဘူးသီးတောင်၊ မောင်တောဒေသမှ စစ်တွေမြို့သို့ရောက်အောင် တရားမဝင်ပေးရငွေ ကျပ်(၃)သောင်းခန့် ကုန်ကျခံပြီး စစ်တွေမြို့မှ ရန်ကုန်မြို့သို့ရောက်အောင် တရားမဝင်ပေးရငွေကျပ်(၄)သိန်း ကုန်ကျခံနေရပါသဖြင့် ထိုကိစ္စကိုပပျောက်အောင် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် **မောင်တောခရိုင်အတွင်းရှိ ဘိုးဘွားစဉ်ဆက်နေထိုင်သူ ဒေသခံမြန်မာမူစလင်များအပေါ် နိုင်ငံခြားသားများအတွက် ပြဋ္ဌာန်းသောဥပဒေကြောင်းအရ (လဝက ပုံစံ-၄) ဖြင့် အရေးယူအမိန့်ထုတ်ထားကြောင်းကို အစိုးရအနေဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ဘူးသီးတောင်၊ မောင်တောဒေသမှ စစ်တွေနှင့်ရန်ကုန်ကို သွားရောက်ရာ လမ်းတစ်လျှောက်တွင် တစ်ဖက်နိုင်ငံနေ ဘင်္ဂါလီများ တရားမဝင်ခိုးဝင်မှု ကာကွယ်တားဆီးနိုင်ရေးအတွက် လုံခြုံရေးနှင့်အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်သည့် နေရာများ၌ စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့်ဌာနပေါင်းစုံပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စိစစ်၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နစ်နာသူများရှိပါက ကာယကံရှင်များအနေဖြင့် အချိန်၊ နေရာ အပါအဝင် တိကျမှန်ကန်သည့် အထောက်အထားများဖြင့် တရားဝင်တိုင်ကြားမှု ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ပါက တိုင်ကြားနိုင်ကြောင်းကို လက်ကမ်းစာစောင်များ သန်းနှင့်ချီ၍ဖြန့်ဝေအသိ

တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမက်(ခ) ဦးအောင်ဇော်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပေးခြင်း၊ လူသိရှင်ကြား နေ့စဉ်ရက်ဆက် ကွင်းဆင်းအသိပေးဟောပြောခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီရုပ်သံများတွင် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်ပြီး တိုင်ကြားနိုင်သည့် တယ်လီဖုန်း၊ ဖက်စ်နံပါတ်များကို တရားဝင်အသိပေး ထုတ်ပြန်ခြင်း၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အသိပေးဖော်ပြခြင်း၊ ဌာနပိုင် Website လွှင့်တင်အသိပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နစ်နာသူများအနေဖြင့် တိုင်ကြားနိုင်ပါကြောင်းနှင့် အပြုသဘော အကြံဉာဏ်များပေးခြင်းကိုလည်း ဝမ်းပန်းတသာလက်ခံပါကြောင်း၊ နိုင်ငံတစ်ဝန်း ထုတ်ဖော်ပြောဆို ဆောင်ရွက်နေသည်ကိုလည်း သတိပြုမိကြမည်ဟု ယုံကြည်ပါကြောင်း။

## လိုက်နာဆောင်ရွက်

ယနေ့အချိန်ထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသခံပြည်သူပေါင်းများစွာက မရှင်းလင်းသည်များကို မေးမြန်းခြင်း၊ ပြုပြင်ပေးစေလိုသည်များကို အသိပေးခြင်းဖြင့်



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းများလည်း ပြုလုပ်လျက်ရှိနေကြပါကြောင်း၊ ဌာနအနေဖြင့်ထုတ်ပြန်ထားသော ညွှန်ကြားချက်ကို သွေဖည်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည့် ဝန်ထမ်း (၁၂)ဦးအား ဇူလိုင်(၁)ရက်နေ့မှစ၍ စီမံချက်ကာလအတွင်း ထုတ်ပယ်ခြင်း၊ အဆင့်လျှော့ချခြင်း၊ နယ်ပြောင်းခြင်းစသော အပြစ်ပေးအရေးယူခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အထောက်အထား အပြည့်အစုံဖြင့် ဖော်ပြတိုင်ကြားလာပါက စနစ်တကျ စိစစ်ဖော်ထုတ်ပြီး မှန်ကန်ပါက အရေးယူသွားရန် အသင့်ရှိပါကြောင်းနှင့်ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance)နှင့် သန့်ရှင်းသောအစိုးရ (Clean Government)ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် အကြီးအကဲများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေသည်ကိုလည်း သိရှိစေလိုပါကြောင်း။

## စိစစ်ဖော်ထုတ်

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီလူမျိုးများ၏ တရားမဝင်ထိုးဖောက်ဝင်ရောက်နေထိုင်လာကြခြင်းသည် ဆက်စပ်နေသော နယ်စပ်ဒေသကိုသာမက တစ်စထက်တစ်စ တစ်ဆင့်တက်ပြီး နိုင်ငံအတွင်းပိုင်းသို့ပါ တရားမဝင်တိုးချဲ့ဝင်ရောက်လာကြရာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ် အပါအဝင် ယခုအခါ နိုင်ငံအတွင်းပိုင်းနေရာများစွာသို့ ရောက်ရှိပျံ့နှံ့နေထိုင်မှုများရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်လုံခြုံရေးနှင့်အမျိုးသားရေး လိုအပ်ချက်အဖြစ် လတ်တလောခွဲခြားရန် ခက်ခဲသည့်အတွက် ယခုကဲ့သို့ ခရီးသွားလာခွင့်ပုံစံ(၄)ကိုအသုံးပြု၍ ခရီးသွားလာစေသည့်နည်းကို စိစစ်ဆောင်ရွက်နေရခြင်းဖြစ်သကဲ့သို့ လိုက်နာမှုရှိအောင်လည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်းခရီးသွားလာကြရာတွင် မည်သူမဆိုရောက်ရှိတည်းခိုနေထိုင်သောနေရာများ၌ စနစ်တကျဧည့်စာရင်း တိုင်ကြားနေထိုင်ရခြင်း၊ ထပ်တိုးခွင့်တောင်းခံရခြင်း၊ မလိုက်နာပါက တည်ဆဲဥပဒေအရ အရေးယူနိုင်ခြင်းစသည့်စနစ်သည် နိုင်ငံတော်လုံခြုံရေးအရ ဆောင်ရွက်နေရသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ စိစစ်ကြပ်မတ်နေသည့်ကြားကပင် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်သူ တစ်ဖက်နိုင်ငံသား(၂၇၈)ဦးကို နေရာအနှံ့၌ စိစစ်ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ စနစ်တကျ စိစစ်၊ စစ်ဆေးခွင့်ပြုရန်နှင့် လိုက်နာစေရေး ကြပ်မတ်ရန်လည်း အမှန်တကယ် လိုအပ်နေဆဲ ဖြစ်ပါကြောင်း။

## ကြပ်မတ်ဆောင်ရွက်

ခရီးသွားလာခွင့်ပုံစံ(၄)ကို အသုံးပြုခြင်းသည် ခရီးသွားလာခွင့်ပိတ်ပင်ခြင်းမဟုတ်ပါကြောင်း၊ စနစ်တကျ စစ်ဆေးခွင့်ပြုသည့်စနစ်ကို ကျင့်သုံးခြင်းသာဖြစ်ပါကြောင်း၊ ဤစနစ်တွင် မြို့နယ်အတွင်း၌ မိမိသွားလိုရာနေရာကို လွတ်လပ်စွာသွားလာနိုင်ခွင့်ရှိပါကြောင်း၊ ပြည်နယ်အတွင်း မြို့ကျော်သွားလာမည်ဆိုပါက မြို့နယ်ဦးစီးမှူး/ ခရိုင်ဦးစီးမှူး/ပြည်နယ်ဦးစီးမှူးတို့ထံ ခွင့်ပြုချက်ရယူပြီး လျှောက်ထားသွားလာနိုင်ပြီး ပြည်နယ်ကျော်သွားမည်ဆိုပါက ပြည်နယ်မှူး၏ထောက်ခံမှုဖြင့် ဒေသအာဏာပိုင်အဖွဲ့သို့ တင်ပြခွင့်ပြုချက်ဖြင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအထိ သတ်မှတ်ချက်နှင့်ပြည့်စုံသော ခရီးသွားလာခွင့်အားလုံးကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကိစ္စများတွင်လည်း လိုအပ်ချက်အပေါ်မူတည်ပြီး ရောက်သည့်နေရာမှ တင်ပြချက်အပေါ် ထပ်တိုးခွင့်ပြုခြင်းများလည်း ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်လုံခြုံရေးနှင့်အမျိုးသားရေး လိုအပ်ချက်အရ ဆက်စပ်နယ်မြေမှတစ်ဆင့် ရောထွေးပြီး တရားမဝင် ခိုးဝင်လာမည့် ဘင်္ဂါလီလူမျိုးများကို တားဆီးနိုင်ရန်အတွက် လဝကပုံစံ(၄)ကို ယင်းဒေသနေ ဘင်္ဂါလီလူမျိုးများအတွက် အသုံးပြုနေကြခြင်းဖြစ်ရာ လိုအပ်ချက်အရ ကြပ်မတ်ဆောင်ရွက်နေရခြင်းသာဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့ကတင်သွင်းခဲ့သော ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **"ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

## အလေးအနက်ထောက်ခံ

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက ဆွေးနွေးရာတွင် နိုင်ငံတော်အပိုင်းက ဆည်ရေသောက်ဧရိယာများ တိုးမြင့်လာစေရန်အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ထပ်မံဖန်တီးဖြည့်ဆည်းပေးမည်ဆိုပါက ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကျော်လွှားနိုင်မည့်အပြင် တစ်သီးမှနှစ်သီး၊ သုံးသီးအထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း ထိန်းသိမ်းရာရောက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်းက ဆွေးနွေးရာတွင် ရာသီဥတုကြမ်းတမ်းမှုကြောင့် နှစ်စဉ်ရေတိုက်စားပျက်စီးနေပါသဖြင့် အမာခံကွန်ကရစ်ဆည်များအဖြစ် တည်ဆောက်ရန် လိုအပ်ပါကြောင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်(၄)ခုနှင့် မြို့နယ်(၁၈)မြို့နယ်၌ စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဆက်လက်တည်ဆောက်ပေးပါက နိုင်ငံတော်ရည်မှန်းချက် ဧကန်မုချအောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် အဆိုကိုထောက်ခံဆွေးနွေးသည်။

မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းက ဆွေးနွေးရာတွင် ယခုတင်သွင်းသော အဆိုသည် ပြည်သူလူထု အတွက် ကောင်းကျိုးဖြစ်စေနိုင်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကချင်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသည့် ရေလွှဲဆည်(၃)ခုနှင့် ကျေးရွာက ထိန်းသိမ်းထားသည့်ဖွံ့ဖြိုးရေးဆည်၊ ကျေးလက်ဆည်၊ UNDP ဆည် စုစုပေါင်း (၁၂၄)ခု အကျိုးပြုဧက (၆၆၉၀၆)ဧကရှိပါကြောင်း၊ ရွှေကူမြို့နယ် ပေါင်းနက်ရေလှောင်တမံစီမံကိန်း၊ မိုးမောက်မြို့နယ် တာလီရေလွှဲဆည်စီမံကိန်း၊ ဖားကန့်မြို့နယ် နောင်မီးရေလွှဲဆည်စီမံကိန်းတို့ကို နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဒေသအခြေအနေအရ အသစ်ထပ်မံဆောင်ရွက်ပေးရန် လုပ်ငန်း(၁၃)ခုကို လျာထားသတ်မှတ်ပြီး စူးစမ်းလေ့လာမှုများပြုလုပ်ခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းသစ်များမှာ ဝိုင်းမော်မြို့နယ် ငွေ့ထူးရေလှောင်တမံ ၊ နန့်မီးရေလှောင်တမံ၊ နန့်မြင်းခရေလှောင်တမံ (ဝါရှောင်ရေလွှဲဆည်)၊ မိုးညှင်းမြို့နယ် ဆောင်းခါးရေလွှဲဆည်၊ တကွင်းရေလွှဲဆည်၊ ကြာကြီးကွင်းရေလွှဲဆည်၊ ဗန်းမော်မြို့နယ် ပါးတိန့်ရေလွှဲဆည်နှင့် ပူတာအိုမြို့နယ် ဟိုဖိုင်ဆည်၊ မတ်ပန်ဆည်၊ လယ်မယ်ဝါဂျီဆည်၊ နန့်ပလက်ဆည်၊ နန့်ဖန်ဆည်၊ နန့်ရှယ်ရေလှောင်တမံတို့ဖြစ်ပါကြောင်း၊ လေ့လာစူးစမ်းမှုများနှင့် အစီအမံများအပေါ်တွင် နိုင်ငံတော်အစိုးရ၏ ကာကွယ်ရေးတာဝန်၊ ဒေသတွင်းလမ်းတံတားဆက်သွယ်မှု လုံခြုံကောင်းမွန်ရေးတာဝန်၊ ပညာရေး၊ ကျန်းမာရေး စသည့် ဦးစားပေးလုပ်ငန်းတာဝန်များ အစီအစဉ်လိုအပ်ချက်များအရ ရန်ပုံငွေခွင့်ပြုပေးနိုင်မည့် အခြေအနေအပေါ်မူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများကို အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးဇုံးတိန့်၏အဆိုသည် သီးခြားမဲခွဲဆုံးဖြတ်ရန်မလိုဘဲ လွှတ်တော်က မှတ်တမ်းတင်ထားရှိ ဆောင်ရွက်ရမည့်အဆိုဖြစ်သဖြင့် လွှတ်တော်က သဘောတူ မှတ်တမ်းတင်အတည်ပြုသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်းနေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး** အဆို၊ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးက **အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုနိုင်ရေး** အဆိုတို့ကို တင်သွင်းကြသည်။

## အမည်စာရင်းတင်သွင်းနိုင်

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယနေ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး ဒသမနေ့ကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် (၆၆)နှစ်မြောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကားလမ်းနှင့် တံတားများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်-တောင်ညိုလမ်းပိုင်း တစ်လျှောက်၌ လမ်းချဲ့ခြင်း၊ Box Culvert များတည်ဆောက်နေမှုနှင့် မြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံများ ခိုင်ခံ့မှုရှိအောင် စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပေါ်တွင်ရေတင်ခြင်း၊ ရေစီးခြင်းများ မရှိစေရန် လမ်းဘေး ဝဲ/ယာ၌ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်တို့ကို မှာကြားခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်- ကန်ပြား (မကွေး) ကားလမ်းမိုင်တိုင်အမှတ်(၉/၃)နှင့်(၉/၄) ကြား၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေ တိုက်စားပျက်စီးသွားသည့် ငလိုက်ချောင်းတံတားနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ဆောင်ရွက်

ထို့နောက် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်း မိုင်တိုင် အမှတ်(၉/၃)နှင့် (၉/၄)ကြား၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေ တိုက်စားပျက်စီးသွားသည့် ပေ(၂၀) (၄)ခန်းတွဲ ငလိုက်ချောင်းတံတားအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ဘေလီတံတား အမြန်ဆုံး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

### မှာကြား

ဆက်လက်၍ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး လမ်းပေါ်ရှိ ပေ ၈၀ ရှည် ကြပ်မြောင်တံတား၊ ပေ ၁၂၀ ရှည် ရုံးကြီးချောင်းတံတားနှင့် ပေ ၆၀ ရှည် လဲဝန်းတံတား အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးကြီးချောင်း တံတားအောက်ရေလမ်းကြောင်း၌ ပိတ်ဆို့နေသော သစ်တုံးကြီးများ၊ ဒိုက်ဖတ်များကို စက်အင်အား၊ လူအင်အားဖြင့် အမြန်ရှင်းလင်းဖယ်ရှားပြီး ရေလမ်းကြောင်းဖွင့်ပေးရန်၊ တံတားများ ပျက်စီးမှု မရှိစေရေးနှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြဲမပြတ်စစ်ဆေးဆောင်ရွက်နေရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သား၊ ငါးထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

### တင်ပြ

ဆက်လက်၍ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်များမှ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

ထို့အတူ တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ နှစ်စဉ်စီမံကိန်း တိုးမြှင့်လျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် ရသုံးမှန်းခြေ ငွေစာရင်းများ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများက ဒေသအလိုက်၊ ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်နေမှုကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ပကတိအရှိတရားနှင့် အမှန်တရားများကိုသာ အခြေခံ၍ တင်ပြကြရန်ဖြစ်ကြောင်း၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး အခက်အခဲရှိသည်များကို ဝိုင်းဝန်းဖြေရှင်းကာ အောင်မြင်အောင် ကြိုးစားလုပ်ဆောင်ရန် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၉-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ ပညာပေးဇာတ်လမ်း
- ၈:၂၅ ၁၄။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၀၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၅၀ ၉။ အိုင်စီတီသုတ
- ၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ
  - ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၂၆)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ **ရွှေ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၁၃) **ရှိမီယိုရယ်၊ ဂျူးလီယက်ရယ်၊ သံလုံးရယ်** လွင်ဖုန်းအောင်၊ နေဦးသူနှင့် သရုပ်ဆောင်များ
- ၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ FIFA BEACH SOCCER WORLD CUP REVENNA 2011 **Japan Vs Mexico (Live)**
- ၂၈။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၉။ FIFA BEACH SOCCER WORLD CUP REVENNA **Brazil Vs Ukranie (Live)**

တောင်ငူမြို့ ရေဘေး ကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့် ပြည်သူများအား နယ်မြေခံစစ်မြေပြင်ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၉-၂၀၁၁

တောင်ငူမြို့
၁ ဒသမ ၈၁ လက်မ

ဖြူးမြို့
၁ ဒသမ ၆၅ လက်မ

ပုတာအိုမြို့
၁ ဒသမ ၅၇ လက်မ

မချမ်းဘောမြို့
၁ ဒသမ ၅၇ လက်မ

သံတွဲမြို့
၁ ဒသမ ၅၄ လက်မ

# မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။**

**လမ်းညွှန်သင်ကြား**

ဆက်လက်၍ ဆရာ ဆရာမများအားတွေ့ဆုံ၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်၊ ကျောင်းပြင်ပ အသိပညာဗဟုသုတများ တိုးပွား၍ လူမှုစီးပွားတည်ငြိမ်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်သူများ ဖြစ်လာစေရန် ဆရာ ဆရာမများအနေဖြင့် လမ်းညွှန်သင်ကြားပေးကြစေလိုကြောင်းဖြင့် ပြောကြားပြီး GEC (ပညာရေး) သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်ခိုင်ဘွမ်ခန်းမ၌ ဒေသခံကျေးရွာအုပ်စုများမှ တိုင်းရင်းသားများအားတွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို အဆင်ပြေချောမွေ့စေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာမခွဲခြားဘဲ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်သမဝါယမအစုအဖွဲ့ များအားအောက်ခြေအဆင့်မှ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာမှမြို့နယ်၊ မြို့နယ်မှ တိုင်းဒေသကြီး/ပြည်နယ်အထိ အဆင့်ဆင့်တိုးတက်အောင် စည်းလုံးညီညွတ်စွာဆောင်ရွက်မှသာ ဆင်းရဲနွမ်းပါးမှုလျော့ကျသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

**ဆွေးနွေး**

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်နှင့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျေးလက်သမဝါယမအသင်းများနှင့် ငွေစုငွေချေးသမဝါယမအသင်းများ ဖွဲ့စည်းနိုင်ရေးနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် ပလနအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စု ဒေသခံတောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ ဈေးသမဝါယမအသင်းသားများ၊ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး GEC (ပညာရေး) သမဝါယမအသင်း ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

**(သတင်းစဉ်)**

# လျှင်သည် ကြိုတင်သိရှိနိုင်ရန် ခက်ခဲနေဆဲဖြစ် လျှင်ဒဏ်ခံဒီဇိုင်းများ လေ့လာဆည်းပူးရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁**

ရေအားလျှပ်စစ်စီမံကိန်း တစ်ခု တည်ဆောက်ရာတွင် စီမံကိန်းဧရိယာ၏ ဘူမိဗေဒအခြေအနေများကို လေ့လာသုံးသပ်၍ Design Seismic Coefficient (PGA)တန်ဖိုးများကိုသတ်မှတ်ခြင်း၊ သတ်မှတ်ထားသော ဒီဇိုင်း Code များကို အခြေခံ၍ အသေးစိတ်တွက်ချက်ပြီး ဒီဇိုင်းပုံစံများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ဒီဇိုင်းပြုစုရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းအပိုင်းတို့သည် အရေးပါသကဲ့သို့ ရေလှောင်တမံကြီးများကြောင့် ဖြစ်ပေါ်တတ်သည့် အကျင့်လက္ခဏာများကို အမြဲမပြတ်သုံးသပ်လေ့လာနေရန်နှင့် တည်ဆောက်ပြီးတမံများကို ပြုပြင်ထိန်းသိမ်းရန်လည်း လိုအပ်သဖြင့် ထိန်းသိမ်းရေးဌာနကို ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်စေခဲ့ကြောင်း၊အခါအားလျော်စွာ Myanmar Earthquake Committee က ကြီးမှူးဖွင့်လှစ်သည့် လျှင်ဒဏ်ခံ ဒီဇိုင်းရေးဆွဲပြုစုခြင်း ဆိုင်ရာကာလတိုသင်တန်း/Seminar များကိုလည်း ဝန်ကြီးဌာနမှ အရာထမ်းများကို တက်ရောက်လေ့လာစေခြင်း၊ ဝင်ရောက်ဆွေးနွေးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ လျှင်သည် ကြိုတင်သိရှိနိုင်ရန် ခက်ခဲနေဆဲ အခြေအနေဖြစ်သဖြင့် လျှင်ဒဏ်ခံ ဒီဇိုင်းနှင့်ပတ်သက်၍ လေ့လာဆည်းပူးစရာများသည် များစွာလိုအပ်နေဆဲ ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွာအစည်းအဝေးခန်းမ၌ ကျင်းပသည့် Seismic Design Practice in the U.S for the Bridges, Tunnel and Ports ဆိုင်ရာ ဟောပြောပွဲတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် Earth Mechanics, Inc(USA)မှ Principle Engineer and Vice President Dr. Hubret Law က Seismic Design Practice in the U.S for the Bridges, Tunnel and Ports ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အဝေးသင်တက္ကသိုလ် ၂၀၁၁ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁**

ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၁ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ လည်းကောင်း ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

**အနီးကပ်ပို့ချ**

ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည် ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၁

**ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၉-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ **တက္ကစီမီတာသင်လိုရာ**
၈:၃၀ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယကျော့ပွဲစဉ် ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar အသင်းနှင့် နေပြည်တော်အသင်း)**
၅:၀၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၁၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၂၀ ၄။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၅:၄၅ ၅။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၅ ၇။ မိုးလေဝသအခြေအနေ
၆:၂၀ ၈။ ရသစုံလင်အင်တာနက် ဥယျာဉ်
၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂၄)
၈:၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ **လျှပ်တစ်ပြက်ဟာသများ**
၁၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုဇာတ်လမ်း **အလင်္ကာပန်းကလေးလန်းစေချင်** ခိုင်ခန့်ရိုင်းသစ်၊ဆုပန်ထွာ၊ ဝတ်ရည်ကေခိုင် (ဒါရိုက်တာ-မဟာ(MSc))
၁၅။ **သီချင်းချစ်သူ** (လုလု)

# KIO / KIA အဖွဲ့က ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကျေးရွာများမှ ရွာသားများအား ၎င်းတို့အဖွဲ့သို့ ဝင်ရောက်စစ်မှုထမ်းရန် အတင်းအဓမ္မ လူသစ်စုဆောင်း

နေပြည်တော် စက်တင်ဘာ ၁

KIO/KIAအဖွဲ့က ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကျေးရွာများမှ ရွာသားများအား ၎င်းတို့အဖွဲ့သို့ ဝင်ရောက်စစ်မှုထမ်းစေရန် လူသစ်စုဆောင်းလျက်ရှိကြောင်း သိရသည်။

ဒေါ့ဖုန်းယန်မြို့နယ်ခွဲ အောက်တာဆိုင်ကျေးရွာ၊ အထက်တာဆိုင်ကျေးရွာ၊ တိမ်းမကြိုင်းကျေးရွာ၊ မိုင်းမကျေးရွာများမှ တစ်အိမ်ထောင်လျှင် အမျိုးသားတစ်ဦးစီ KIAအဖွဲ့သို့ ဝင်ရောက်စစ်မှုထမ်းရမည်ဖြစ်ကြောင်း၊ စစ်မှုမထမ်းနိုင်သည့် အိမ်ထောင်စုများကို အဆိုပါကျေးရွာများ၌ နေထိုင်ခွင့်မပြုကြောင်းကြေညာပြီး ဒေသခံပြည်သူများအား အတင်းအဓမ္မ လူသစ်စုဆောင်းလျက်ရှိသည်။

KIO /KIAအဖွဲ့၏ အဆိုပါလုပ်ရပ်သည် ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလိုလားကြသော ပြည်သူများ၏ဆန္ဒကို မျက်ကွယ်ပြုရာရောက်သကဲ့သို့ ဒေသတည်ငြိမ်ရေး၊ ကျေးလက်နေပြည်သူများ၏ လုံခြုံရေးနှင့်လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် စက်တင်ဘာ ၁

**ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း သိရှိရသည်။**

(သတင်းစဉ်)

# ဥတုရာသီ တောကိုမှီ၏

# သီပေါမြို့နယ်မှ ဆေးဖက်ဝင် နဂါးမောက်သီးများ ဈေးကွက်များသို့ လှိုင်လှိုင်ဝင်

**မောင်ယဉ်ကျေး(တာချီလိတ်)**

နဂါးမောက်သီးကို လူအများတွေ့ဖူးကြပေလိမ့်မည်။ မရန်းစေ့ရောင်လုံးချောပေါ်တွင် အရွက်ဖက်လေးများရှိရာ အသီး၏ပုံသဏ္ဌာန်မှာ နဂါး၏အမောက်ကဲ့သို့ ရှိလေသည်မို့ နဂါးမောက်သီးဟုခေါ်လေသလားမသိ။ အမြင်တွင် နှစ်လိုဖွယ် အဆင်းရှိနေသည်။ အသီးမှာ ထူးခြားသည့် အသွင်ရှိသကဲ့သို့ အခွံခွာလိုက်သောအခါ တွေ့ရသည်ကား နှမ်းစေ့သဖွယ် အစေ့ငယ်များစွာ စိမ့်ဝင်နေသည့် စားချင်စဖွယ် အတွင်းသားကို တွေ့ရမည်ဖြစ်သည်။

**အဖြူရောင်ရှိ**

နဂါးမောက်ပင်ကား ရှားစောင်းလက်ပပ်မျိုးစိတ်၊ ဂမုန်းမျိုးစိတ်ဖြစ်ကာ အတွင်းအသားအရောင်မှာ နှစ်မျိုး

အပွင့်များဖြင့် ဝေဆာနေသော သီပေါမြို့နယ်မှ နဂါးမောက်စိုက်ခင်း။

ရှိကြောင်း တွေ့ရသည်။ တစ်မျိုးမှာ အတွင်းသားအဖြူရောင်ပေါ်တွင် အမည်းရောင်နှမ်းစေ့လေးများ ဖြူးထားသကဲ့သို့ အသီးမျိုးဖြစ်ပြီး နောက်တစ်မျိုးမှာ မရန်းစေ့ရောင်ရင့်ရင့်အသားပေါ်တွင် အမည်းရောင်နှမ်းစေ့ လေးများ ဖြူးထားသကဲ့သို့ အသီးမျိုးဖြစ်သည်။ အတွင်းသားအဖြူရောင်ရှိအသီးမျိုးသည် အလုံးကြီးတတ်ပြီး မရန်းစေ့ရောင်ရင့်ရင့်အသားပါရှိသည့်အသီးမျိုးမှာ အနည်းငယ်ပိုငယ်သည်။

နဂါးမောက်ပင်နှင့်ငွားငွားစွင့်စွင့် သူ၏အပွင့်...။

နဂါးမောက်သီး၏အရသာမှာ ချိုမယောင်ရှိသော်လည်း အချဉ်ဘက်နွယ်သဖြင့် စားသုံးရသူများအတွက် အရသာရှိလှသည်။ ကင်ဆာရောဂါကို ကာကွယ်နိုင်ပြီး သွေးတိုး၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါရှိသူများအတွက် ဆေးဖက်ဝင်ကြောင်း သိရှိရသည်။

ယခုအခါ နဂါးမောက်သီးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အများအပြား စိုက်ပျိုးကြသည်။

စာရေးသူ သီပေါမြို့သို့ ရောက်သွားခိုက် စီးပွားဖြစ်စိုက်ပျိုးထားသောBMG စိုက်ပျိုးရေးခြံသို့ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။ ထိုခြံမှာ မန္တလေး-လားရှိုးလမ်းမကြီးဘေး မိုင်တိုင်အမှတ် ၁၃၇ ရှိ ဆွတ်လန်းကျေးရွာအနီးတွင် တည်ရှိသည်။ လူအများစုမှာ အသီးကိုသာ မြင်ဖူးပြီး အပင်ကိုကား မမြင်ဖူးကြ။ အဆိုပါ စိုက်ပျိုးခြံဝင်းအတွင်း မြေစိုက်တိုင်ပေါ်တွင် တွယ်တက်ပေါက်ရောက်နေသော ရှားစောင်းလက်ပပ် သဖွယ် အခက်အလက် များဖြင့် ဝေဆာနေသည့် နဂါးမောက်ပင်များကို အစီအရီတွေ့ရသည်။ အပွင့်များကိုလည်း ငွားငွားစွင့်စွင့် တွေ့ရသည်။ မရန်းစေ့ရောင်ရင့်ရင့် အသီးမျိုး(အချို့အခေါ် အနီရောင်အသီးမျိုး)သည် ပို၍အထွက်ကောင်းပြီး လူကြိုက်များကြောင်း သိရသည်။ ဈေးလည်းကောင်းလှ၏။ ဈေးနှုန်းမှာ လက်လီဈေး တစ်ကီလို ကျပ် ၂၅၀၀ ခန့်ဖြစ်ပြီး လက်ကားဈေး တစ်ကီလို ကျပ် ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။ တစ်ကီလိုတွင် အလုံးလတ်သုံးလုံးခန့် ပါတတ်သည်။ ယခုအခါ နဂါးမောက်သီးပေါ်သည့် ရာသီဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ နဂါးမောက်သီးများ ဈေးကွက်များသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

# ကူးစက်ရောဂါကြီး သုံးမျိုးအတွက် သုတေသနဓာတ်ခွဲခန်း တည်ဆောက်မည်

*ရန်ကုန် စက်တင်ဘာ ၁*

*မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် တီဘီရောဂါအပါအဝင် အဖြစ်များသည့် ကူးစက်ရောဂါများဆိုင်ရာ စွမ်းရည်မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အေဂျင်စီတို့ ပူးပေါင်း၍ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် တီဘီရောဂါသုံးမျိုးအတွက် အဆင့်မြင့်သုတေသန ဓာတ်ခွဲခန်း တစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။*

*အဆိုပါ အဆင့်မြင့်သုတေသနဓာတ်ခွဲခန်းကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဝင်းအတွင်း၌ နှစ်ထပ်အဆောက်အအုံ တစ်လုံးတည်ဆောက်သွားမည်ဖြစ်ပြီး ကပ်ပါး၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ရောဂါများနှင့်ပတ်သက်၍ မော်လီကျူး ဗေဒဆိုင်ရာ စမ်းသပ်မှုများပြုလုပ်နိုင်သော အဆင့်မြင့်ဓာတ်ခွဲခန်း (Biosafety Level-2 Laboratory) သုံးခုပါရှိမည်ဖြစ်သည်။ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် တီဘီရောဂါဖြစ်ပွားကြသည့် ဝေဒနာရှင်ပြည်သူများအတွက် အဆင့်မြင့်သုတေသန နည်းပညာများနှင့် ဓာတ်ခွဲခန်းသုံးအထောက်အကူပြုပစ္စည်းများကို အသုံးပြုဆောင်ရွက်နိုင်တော့မည်ဖြစ်၍ အဖြစ်များသည့် ကူးစက်ရောဂါများကို ယခင်ကထက် ပိုမိုထိန်းချုပ်နိုင်မည်ဖြစ်ပြီး အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။* *(ညီညီထွန်း)*

**မှုခင်း သတင်း**

# အမျိုးသမီး သုံးဦးအား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူ တရားခံအား အရေးယူလျက်ရှိ

**နမ့်ခမ်း စက်တင်ဘာ ၁**

နမ့်ခမ်းမြို့နယ် မိုင်းဝီးရွာနေ ဒေါ်ဝမ်ကျို (ခ) ဒေါ်လောက်ချွင် (ခ) ဒေါ်ဝင်းနွယ် အသက် ၄၀ (ဘ) ဦးလောက်တုန်းသည် မိုင်းဝီးရွာနေ မ----(၁၇)နှစ်အား တစ်ဖက်နိုင်ငံရှိ စားသောက်ဆိုင်တွင် တစ်လ ယွမ် ၅၀၀ ဖြင့် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး မိဘများအား အသိမပေးဘဲ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံနယ်စပ်ရှိနောင်တောင်းရွာသို့ ခေါ်ဆောင်သွားခဲ့ကြောင်း။

ဒေါ်ဝမ်ကျိုသည် နမ့်ခမ်းမြို့နယ် မိုင်းဝီးရွာနေ ဒေါ်အီကျွိုင်၊ လွယ်လင်ကန်ရွာနေ ဒေါ်အီကော်တို့နှင့် ပူးပေါင်း၍ မ----အား နောင်တောင်းမှ ကျေးရှန်းရွာသို့ ခေါ်ဆောင်သွားခဲ့ပြီး တစ်ဖက်နိုင်ငံမှ အမျိုးသားတစ်ဦးထံ ယွမ် ၁၂၀၀၀ ဖြင့် ရောင်းစားခဲ့ကာ ရရှိငွေများကို ဒေါ်ဝမ်ကျို၊ ဒေါ်အီကျွိုင်နှင့် ဒေါ်အီကော်တို့ ခွဲဝေယူခဲ့ကြကြောင်း။

မ----သည် တစ်ဖက်နိုင်ငံ အမည်မသိမြို့တစ်မြို့သို့ ရောက်ရှိသွားခဲ့ပြီး ကောင်းဖူဆိုသူ အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ခဲ့ရာမှ ၂၀၁၁ ခုနှစ် မေလတွင် အဆိုပါမြို့ရှိ ရဲတပ်ဖွဲ့က တရားမဝင်ရောက်ရှိနေထိုင်သူအဖြစ် ဖမ်းဆီးပြီး နယ်စပ်သို့ ပြန်လည်ပို့ဆောင်ပေးသဖြင့် မိဘများထံ ပြန်လည်ရောက်ရှိခဲ့ကြောင်း။ မ----က မိမိကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်ကို ၂၉-၈-၂၀၁၁ ရက်တွင် နမ့်ခမ်းရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့က သွားရောက်ပူးပေါင်းစစ်ဆေးခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့သည် ထိုနေ့ညနေပိုင်းတွင် နမ့်ခမ်းမြို့ အောင်မင်္ဂလာရပ်ရှိ ဒေါ်ဝမ်ကျို ငှားရမ်းနေထိုင်သည့် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဒေါ်ဝမ်ကျိုအား ဖမ်းဆီးရမိသဖြင့် မိုင်းဝီးရဲစခန်း(ပ) ၈/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၃ အရ အမှုဖွင့်အရေးယူထားကြောင်း၊ လူကုန်ကူးမှုတွင် ပူးပေါင်းကျူးလွန်သူများဖြစ်သည့် ဒေါ်အီကျွိုင်နှင့် ဒေါ်အီကော်တို့အား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ ဒေါ်ဝမ်ကျိုသည် ၂၀၁၁ခုနှစ် မေ ၂၁ရက်တွင် မိုင်းဝီးဈေး၌ တွေ့ရှိသူ နမ့်ခမ်းမြို့နယ် လော့နော်အုပ်စု ပန်ဟန်-နန်ကလော့ ကျေးရွာနေ ဦးအိုက်စံ၏ဇနီး မ----အား မိုင်းဝီးဈေးသို့ သွားရောက်စဉ် စည်းရုံးခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံသားတစ်ဦးထံ ရောင်းစားခဲ့ကြောင်း၊ ဦးအိုက်စံက ဇနီးဖြစ်သူ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေစဉ် မိုင်းဝီးရွာနေ ဦးညီလောက်စံဆိုသူက မ---- နှင့် ဆက်သွယ်နိုင်သည့် တစ်ဖက်နိုင်ငံ လက်ကိုင်ဖုန်းအမှတ် -----ကိုပေးသဖြင့် ၄င်းဖုန်းသို့ ဆက်သွယ်ကြည့်ရာမှ ဇနီးဖြစ်သူက အထက်ပါဖြစ်စဉ်ကို ပြောပြသောကြောင့် သိရှိရခြင်းဖြစ်ကြောင်း၊ ဒေါ်ဝမ်ကျိုသည် မ----နှင့်အတူ မန်တုန်မြို့နယ် ဆိုင်းလိန်ရွာနေ မ----ကိုလည်း တစ်ပါတည်းရောင်းစားခဲ့သူဖြစ်ကြောင်း၊ ၄င်းတို့နှစ်ဦးအား ရောင်းစားခဲ့ရာ ယွမ် ၃၁၀၀၀ရရှိသည်ဟု သိရကြောင်း။

ထို့ကြောင့် ဦးအိုက်စံက နမ့်ခမ်းရဲစခန်းသို့ သွားရောက်ပြီး ၄င်း၏ဇနီးအား တစ်ဖက်နိုင်ငံသားနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့သူ ဒေါ်ဝမ်ကျိုအား အရေးယူပေးရန် တိုင်တန်းသဖြင့် မိုင်းဝီးရဲစခန်း (ပ) ၉/၂၀၁၁ ပြစ်မှုပုဒ်မ ၃၆၆ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

ဒေါ်ဝမ်ကျို(ခ) ဒေါ်လောက်ချွင်(ခ)ဒေါ်ဝင်းနွယ်သည် နမ့်ခမ်းမြို့နယ်နှင့် မန်တုန်မြို့နယ်တို့မှ ဒေသခံအမျိုးသမီးငယ်သုံးဦး (အိမ်ထောင်ရှိသူတစ်ဦး အပါအဝင်) တို့ကို တစ်ဖက်နိုင်ငံရှိ စားသောက်ဆိုင်၌ အလုပ်ရမည်ဟု စည်းရုံးခေါ်ဆောင်၍ တစ်ဖက်နိုင်ငံသားများနှင့် အဓမ္မပေါင်းသင်းလက်ထပ်ရန် ရောင်းစားခဲ့သဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ ရဲစခန်းများနှင့် မူဆယ်လူကုန်ကူးအထူးအဖွဲ့တို့က စနစ်တကျ စစ်ဆေးဖော်ထုတ်လျက်ရှိပြီး တစ်ဖက်နိုင်ငံတွင် ကျန်ရှိနေသည့် အဓမ္မရောင်းစားခံရသူ အမျိုးသမီးနှစ်ဦးအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် ရွှေလီမြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ညွန့်လှိုင်)**

# ဂျပန်ရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးနှင့် ဂျပန်နိုင်ငံမှ အဖွဲ့အစည်းများ၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်ရုပ်ရှင်ပွဲတော် ၂၀၁၁ ကို ရန်ကုန်မြို့၌ စက်တင်ဘာ ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ ဂျပန်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။

ဂျပန်ရုပ်ရှင်ပွဲတော်အဖြစ် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ နေပြည်တော်ရုပ်ရှင်ရုံ၌ ရုပ်ရှင်များပြသသွားမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက် (စနေနေ့) ညနေ ၃ နာရီခွဲတွင် Kamome Diner၊ စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီခွဲတွင် The Girl Who Leapt Through Time၊ စက်တင်ဘာ ၅ ရက် (တနင်္လာနေ့) ညနေ ၆ နာရီခွဲတွင် The Bandage Club နှင့် စက်တင်ဘာ ၆ ရက်(အင်္ဂါနေ့) ညနေ ၆ နာရီခွဲတွင် The Twilight Samurai ရုပ်ရှင်ကားများ ပြသသွားမည်ဖြစ်သည်။ ရုပ်ရှင်လက်မှတ်များကို ပြသမည့်နေ့တွင် နှစ်နာရီကြိုတင်၍ တစ်ဦးလျှင် နှစ်စောင်နှုန်း အခမဲ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ညွန့်သန်း-သတင်းစဉ်)**

# ခရီးသွားများ လူကူးမျဉ်းကြားမှဖြတ်ကူးလျှင် အန္တရာယ်ကင်းနိုင်

*ရန်ကုန် စက်တင်ဘာ ၁* **မြင့်မောင်စိုး**

*လမ်းဖြတ်ကူးသူများသည် လူကူးမျဉ်းကျားများ ထားရှိပေးထားသော်လည်း စည်းကမ်းလိုက်နာမှုအားနည်းရခြင်းကြောင့် နှစ်စဉ်ထိခိုက်သေဆုံးမှုများ ရှိနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။*

*အဆိုပါ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသော သတိပေးဆိုင်းဘုတ်တစ်ခုတွင် ၂၀၀၆ ခုနှစ်က ယာဉ် တိုက်မှုပေါင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၉၅ မှု ဖြစ်ပွားခဲ့ရာတွင် ၇၀သေဆုံးပြီး ၅၀၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ တစ်ဖန် ၂၀၀၇ ခုနှစ်တွင် ယာဉ်တိုက်မှုပေါင်း ၃၁၃ မှု ဖြစ်ပွားခဲ့ရာတွင် ၅၈ ဦးဒဏ်ရာရပြီး ၃၁၃ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ၂၀၀၈ခုနှစ်တွင် ယာဉ်တိုက်မှုပေါင်း ၂၀၆မှု ဖြစ်ပွားခဲ့ရာတွင် ၆၀ သေဆုံးပြီး ၁၈၀ဒဏ်ရာရခဲ့ကြောင်း ဖော်ပြထားသည်။ ဤသည်မှာ လမ်းဖြတ်ကူးသူများ စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် အဓိကဖြစ်ရကြောင်း ဖော်ပြထားသည်။ ယခုအခါ လူကူးမျဉ်းကျားများကို လမ်းဆုံနေရာများ၊ ကျောင်းများရှိရာနေရာများ၌ ပြုလုပ်ပေးထားသည်။ သို့သော် လူသွားလူလာများပြားသည့် နေရာများတွင်လည်း လူကူးမျဉ်းကျားများ ပိုမိုပြုလုပ်ပေးသင့်သည်။ လမ်းဖြတ်ကူးမှုအများဆုံးနေရာများမှာ ဈေးများ ရှိရာနေရာများတွင် ဖြစ်သည်။ လမ်းဖြတ်ကူးသူ ပြည်သူများအနေဖြင့်လည်း သတ်မှတ်ထားသည့် လူကူးမျဉ်းကျားများမှ* (ယာပုံ) *ကူးခြင်းဖြင့် ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။* (မြန်မာ့အလင်း)

*✳ ကျောဖုံးမှ*

ခြံနှင့်အိမ်မြေများကို ရှောင်ရှားပြီး မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေများကိုသာ ဦးစားပေးရွေးချယ်သိမ်းဆည်းသွားရန်တို့ကိုလည်း တိကျစွာ အလေးထားလိုက်နာဆောင်ရွက်သွားစေရန် အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ လိုက်နာဆောင်ရွက်စေခဲ့ပါကြောင်း၊ ယင်းအမိန့် ညွှန်ကြားချက်များအတိုင်းလည်း လက်အောက်ခံ တပ်/ဌာနများမှ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ၏ မေးခွန်းနှင့်ပတ်သက်၍ " သံဖြူဇရပ်မြို့နယ်၊ သက်ကော့ကျေးရွာမှ ရော်ဘာခြံဧက (၆၀၀)ကျော်ခန့်ကို တပ်မတော်မှသိမ်းယူရန် ဆောင်ရွက်နေသည်"ဆိုသည်မှာ မဟုတ်မှန်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရော်မံ (ခ) ဦးဌေးဝင်း၏ **"ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက်ရှိသော ပြည်ထောင်စုဖွား ဒေသခံ မြန်မာမူစလင် မဲဆန္ဒရှင်များအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန (လ-ဝ-က)နှင့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးနှင့်ကွပ်ကဲမှုဌာနချုပ် (န-စ-က) (Border Immigration Head Quarters) မှ ထုတ်ပေးသော အိမ်ထောင်စုလူဦးရေစာရင်းနှစ်မျိုးရှိပြီး (န-စ-က)အဖွဲ့က ရှောင်တခင်ဝင်ရောက် စစ်ဆေးစဉ် တစ်ရွာမှတစ်ရွာသို့ ခေတ္တခရီးသွားနေသူကိုပင် BD ပြေး (Bangladesh ပြေးသူ) ဟု သတ်မှတ်ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိပါဘဲ တရားစွဲခံရခြင်း၊ အချို့မှာ ကြောက်ရွံ့ပြီး ပုန်းရှောင်နေခြင်း၊ ထိုအခြေအနေတွင် မွေးဖွားသည့်ကလေးကို တရားမဝင်ကလေးဟု သတ်မှတ်ခံရခြင်းတို့ ဖြစ်ပေါ်နေသဖြင့် ယင်းကိစ္စကို နိုင်ငံတော်က မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မောင်တောခရိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေပြင်ရော ကုန်းတွင်းပါထိစပ်နေပြီး ထူးခြားသော အခြေအနေများရှိနေပါကြောင်း၊ မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် မြောက်ပိုင်းဒေသတို့သည် လူဦးရေ/နယ်မြေအကျယ်အဝန်းနှင့် ဆန်စပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေအရ ဝမ်းစာဖူလုံမှုမရှိသဖြင့်လည်းကောင်း၊ လူဦးရေထူထပ်များပြားနေမှုနှင့် မွေးဖွားနှုန်းအဆမတန်တိုးပွားကာ နိုင်ငံတကာစံချိန်စံညွှန်းထက် ကျော်လွန်နေခြင်းတို့ကြောင့်လည်းကောင်း၊ တစ်ချိန်ချိန်တွင် ငတ်မွတ်ခေါင်းပါးမှု ဆိုက်ရောက်လာနိုင်ပါကြောင်း၊ ယင်းဒေသ၏ လူဦးရေသိပ်သည်းဆကို ပြောကြားရလျှင်မောင်တောမြို့နယ်တွင် တစ်စတုရန်းမိုင်လျှင် (၈၇၀)ဦး၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲတွင် တစ်စတုရန်းမိုင်လျှင် (၇၀၁)ဦး ဖြစ်ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး၏ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းမိုင်လျှင် (၂၃၃)ဦး ဖြစ်ပါကြောင်း၊ ယင်းဒေသနှင့် ကပ်လျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၁၂၁၇)ဦးဖြစ်ကြောင်း သိရှိရပါကြောင်း၊ သို့ဖြစ်၍ လူဦးရေတိုးနှုန်းနှင့် နယ်မြေအကျယ်အဝန်းမှာ မျှတမှုမရှိသဖြင့် တစ်ချိန်ချိန်တွင် လူဦးရေပေါက်ကွဲမှုတစ်ရပ်ဖြစ်လာနိုင်သကဲ့သို့ မိဘများ၏ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု မရှိသောကလေးများသည် အနာဂတ်တွင် အခြေအနေမဲ့ ဆိုးသွမ်းလူငယ် လူတန်းစားတစ်ရပ်ဖြစ်ပေါ်လာနိုင်ပြီး လူ့ပတ်ဝန်းကျင်အား ပြဿနာများ ဖန်တီးပေးလာနိုင်ပါကြောင်း။

ထို့အပြင် လူဦးရေသိပ်သည်းဆ Population Density အလွန်များသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းမြေနယ်နိမိတ်၊ ရေပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ရခိုင်ပြည်နယ်အနောက်ပိုင်း၌ တရားမဝင် ဝင်ရောက်ရွှေ့ပြောင်းမှု၊ နေထိုင်မှုများကို ထိန်းချုပ်ရန် လူဝင်မှုကြီးကြပ်ရေးဌာနတစ်ခုတည်းနှင့် လုပ်ဆောင်ရန် ခက်ခဲသည့်အပြင် တရားမဝင် ဝင်ရောက်မှုများ ကြီးထွားလာသည့်အတွက်ကြောင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်ပွားခြင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများတွင် ပါဝင်ခြင်းများ စသည့် အခြေအနေများကြောင့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ဖြင့် ဖွဲ့စည်း၍ အဓိကတာဝန်ကြီး (၃)ရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ နယ်စပ်ဒေသလုံခြုံရေးတာဝန်နှင့် နယ်စပ်ဒေသလူဦးရေထိန်းချုပ်ရေးတာဝန်တို့ကို ရည်မှန်းချက်(၅)ရပ် ချမှတ်ပေးပြီး တာဝန်ထမ်းဆောင်နေစေခြင်းဖြစ်ပါကြောင်း။

## နှစ်စဉ်ထုတ်ပြန်ဆောင်ရွက်

နယ်စပ်ဒေသလူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အနေဖြင့် လူဦးရေထိန်းချုပ်ရေးလုပ်ငန်းများကို တာဝန်ယူသောဇရိယာအတွင်း အကောင်အထည်ဖော်ရာတွင် ထူးခြားသောဒေသဖြစ်သည့်အတွက် ပြောင်းရွှေ့နေထိုင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ တရားမဝင်ခိုးဝင်/ခိုးထွက်ခြင်း၊ အိမ်ထောင်စုစာရင်းခွဲထွက်ခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်း စသည်တို့ပါဝင်သော ဒေသန္တရအမိန့်များကို အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် နှစ်စဉ်ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလည်း ၂၀၀၅ ခုနှစ်တွင် ဒေသန္တရအမိန့်အမှတ် (၁/၂၀၀၅)ကို ထုတ်ပြန်ခဲ့ပါကြောင်း။

မောင်တောခရိုင်၏ ထူးခြားသော အခြေအနေအရ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်အနေဖြင့် အဓိကတာဝန်ကြီး (၃)ရပ်တွင် ပါဝင်သည့် လူဦးရေထိန်းချုပ်ရေးတာဝန်ကို အကောင်အထည်ဖော်ရာတွင် နယ်မြေ (၉)ခု၊ စခန်း (၂၆)ခုဖြင့် ဖြန့်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ တစ်ဖက်နိုင်ငံမှ တရားမဝင်ခိုးဝင်မှုများ၊ မိမိနိုင်ငံအတွင်းမှ တရားမဝင်ခိုးထွက်မှုများကို စောင့်ကြည့် ဖော်ထုတ်ခြင်း၊ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း၊ ပင်လယ်ပြင်နှင့် နတ်မြစ်ကမ်းခြေမှ ပိတ်ဆို့တားဆီးခြင်း၊ တောင်ကျော်လမ်းများမှ စစ်ဆေးခြင်းတို့ ပြုလုပ်ရပါကြောင်း၊ ထို့အပြင် နှစ်စဉ်လူဦးရေစာရင်းများ စစ်ဆေးခြင်း၊ မြေပုံရေးဆွဲခြင်းနှင့် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းများကိုလည်း ၃ လခန့် အချိန်ယူစစ်ဆေးရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ခရီးသွားလာခွင့်ပုံစံ (၄)တို့ကို အသုံးပြု၍ စစ်ဆေးရပြီး တရားမဝင်ဆောင်ရွက်မှုများတွေ့ရှိကလဝကအက်ဥပဒေအရ တရားစွဲဆို အရေးယူလျက်ရှိပါကြောင်း။

မောင်တောခရိုင်အတွင်း နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် လူဦးရေထိန်းချုပ်ရေးလုပ်ငန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၏လုပ်ငန်းတို့မှာ ကွဲပြားခြားနားမှုရှိသည့်အတွက် ဒေသ၏လိုအပ်ချက်အရ အိမ်ထောင်စုစာရင်း(၂)ခု ကိုင်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်၏ အိမ်ထောင်စုစာရင်းသည် သက်ဆိုင်ရာအိမ်ထောင်စုရှိရာသို့ မြေပြင်ကွင်းဆင်း၍ လက်ရှိအခြေအနေအတိုင်း စစ်ဆေးထားသော စာရင်းများဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ခရိုင်/မြို့နယ်ရုံးရှိ အင်အားအရ ကျေးရွာ၊ ရပ်ကွက်အတွင်း နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ဌာနချုပ်ကဲ့သို့ အသေးစိတ်စာရင်းကောက်ခံနိုင်မှုမရှိဘဲ လိုအပ်ချက်ရှိသည့်အခါနှင့် သက်ဆိုင်ရာ အိမ်သားများမှ လာရောက်သည့်အခါမှသာ လူဝင်မှုကြီးကြပ်ရေးကိစ္စများ ဆောင်ရွက်နိုင်ခြင်းကြောင့် ကွဲလွဲရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်သည် မိမိတွင်ရှိသော လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများနှင့် မိမိ၏ လက်ရှိအခြေအနေအရ မှတ်တမ်းတင်ထားသော အိမ်ထောင်စုစာရင်းများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှသာ လူဦးရေထိန်းချုပ်ရေးလုပ်ငန်းများ သွက်လက်မြန်ဆန်မှန်ကန်မည်ဖြစ်သောကြောင့် ဒေသခံတိုင်းရင်းသားရော၊ အိန္ဒိယ/ ဘင်္ဂါလီပါ အိမ်ထောင်စု စာရင်းအား နှစ်မျိုးကိုင်ဆောင်ရခြင်းဖြစ်ပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး ခင် မောင် မြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

BD ပြေးဆိုသည်မှာ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်သွားရောက်ခွင့်ပြုသည့် ခွင့်ပြုချက်လက်မှတ်ရယူကိုင်ဆောင်၍ တရားဝင်ခွင့်ပြုထားသော လမ်းကြောင်းမှ သွားရောက်ခြင်းမဟုတ်ဘဲ တရားမဝင်လမ်းကြောင်းမှ တရားဝင်ခွင့်ပြုချက်လက်မှတ်တစ်စုံတစ်ရာ ရယူကိုင်ဆောင်ခြင်းမရှိဘဲ ခိုး၍သွားရောက်သူကို ခေါ်ဆိုခြင်းဖြစ်ပါကြောင်း။

BD ပြေးဖြစ်ပွားမှုများအပေါ် စိစစ်ရာတွင် တစ်ဖက်နိုင်ငံနှင့် တတိယနိုင်ငံများ၌ အလုပ်အကိုင်ရှာဖွေရန်ထွက်ခွာခြင်း၊ ပြစ်မှုဖြစ်ပွား၍ တိမ်းရှောင်ခြင်း၊ ဆန့်ကျင်ဖက်အဖွဲ့အစည်းများတွင် ပါဝင်ရန်ထွက်ခွာခြင်းနှင့် ပညာသင်ကြားရန်၊ ဆေးဝါးကုသရန်နှင့် ဒုက္ခသည်စခန်းများတွင် နေထိုင်ရန် ထွက်ခွာခြင်းတို့ဖြစ်ကြောင်း။

BD ပြေးသတ်မှတ်ပယ်ဖျက်ခြင်းဆိုင်ရာလုပ်ငန်းတွင် BD ပြေးမိသားစုမှ မိသားစုဝင် တစ်ဦးဦးသည် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ထွက်ပြေးသွားကြောင်းကို ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ-၂၆ (၁)အရလည်းကောင်း၊ ဒေသန္တရ အမိန့် ၁/၁၉၉၀ အပိုဒ်(၄)အရလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ သတင်းပေးပို့ရပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း ၎င်းမိသားစုဝင်သည် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်သွားရောက်ခြင်း ရှိ/မရှိကို စောင့်ကြည့်စုံစမ်း၍ မှန်ကန်ပါက BD ပြေးအိမ်ထောင်စု၏ တင်ပြချက်အတိုင်း သက်ဆိုင်ရာနယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နယ်မြေ/စခန်း အသီးသီးသို့ သတင်းပို့ရပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း မေးမြန်းစဉ်။ (သတင်းစဉ်)

## ပြည့်စုံစွာရယူ

ထိုသို့သတင်းပို့ချက်ရရှိသည့်အခါ သက်ဆိုင်ရာနယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နယ်မြေ/စခန်းအသီးသီးသည် တင်ပြချက်မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရှိ BD ပြေးနေအိမ်နှင့် ပတ်ဝန်းကျင်နေအိမ်များကို ကွင်းဆင်းစစ်ဆေးပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်မှန်ကန်ပါက BD ပြေးအမှုတွဲကို မိသားစုဝင်တစ်ဦး၏ တင်ပြစာ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ တင်ပြစာ၊ တင်ပြသူမိသားစုဝင်တစ်ဦး၏ ဝန်ခံထွက်ဆိုချက်၊ ထွက်ပြေးသူ၏ အိမ်နီးချင်းနှစ်ဦး၏ ဝန်ခံထွက်ဆိုချက်၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ သက်သေထွက်ဆိုချက်နှင့်ကာယကံရှင် အိမ်ထောင်စုစာရင်းမူရင်း စသည့် သက်သေအထောက်အထားများ ပြည့်စုံစွာရယူ၍ အမှုတွဲတည်ဆောက်ရပါကြောင်း။

ယင်းအမှုတွဲအား သက်ဆိုင်ရာ နယ်မြေ/စခန်းများမှ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်သို့တင်ပြ၍ ကွပ်ကဲရေးမှူး၏ အတည်ပြုချက်တောင်းခံကာ သက်ဆိုင်ရာအိမ်ထောင်စုစာရင်းတွင် BD ပြေးသူ၏ အမည်စာရင်းကို BD ပြေးသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းဆောင်ရွက်ပြီး ထိုသို့ တရားမဝင် ထွက်ခွာသွားသော BD ပြေးသည် တရားမဝင်ပြန်လည်ဝင်ရောက်လာပါက ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃ (၂)နှင့် ပုဒ်မ ၁၃ (၁)တို့ အရ တရားစွဲဆို၍ အရေးယူပါကြောင်း။

ရခိုင်ပြည်နယ် မောင်တောဒေသသည် သမိုင်းကြောင်းဆိုင်ရာ လူမျိုးရေးအနေအထားများကြောင့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အနေဖြင့် လူဦးရေထိန်းသိမ်းရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်ရာတွင် ထူးခြားမှုအခြေအနေများနှင့် ကြုံတွေ့ခဲ့ရပြီး ၎င်းတို့အနက် တရားမဝင်ကလေး(Black List Baby)များကိစ္စလည်း ပါဝင်ပါကြောင်း၊ တရားမဝင်ကလေးဟူ၍ သတ်မှတ်ရာတွင် တရားဝင်လက်ထပ်ထိမ်းမြားခြင်းမပြုဘဲ မွေးဖွားသောကလေးများ၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသည့် ဖခင်ဖြစ်သူအား အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ထားသော်လည်း ကျန်ရှိခဲ့သော မိခင်မှ မွေးဖွားလာသော ကလေးများ၊ ဖခင်သည် BD ပြေးပြီးနောက် တစ်ဖက်နိုင်ငံမှ တရားမဝင် ပြန်လည်ဝင်ရောက်လာပြီး တရားမဝင်ပေါင်းသင်းမှုမှ မွေးဖွားလာသော ကလေးများ၊ မုဆိုးမ၊ တစ်ခုလပ်၊ အပျို စသည်တို့မှ ဖခင်မပေါ်ဘဲ မွေးဖွားလာသော ကလေးများနှင့် လက်ထပ်ထိမ်းမြားခြင်း အမှုတွဲအား စိစစ်နေဆဲကာလတွင် ပေါင်းသင်းနေထိုင်သဖြင့် မွေးဖွားလာသော ကလေးများဟူ၍ သတ်မှတ်၍ သီးခြားစာရင်းပြုစုထားရှိပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို မေးမြန်းစဉ်။ (သတင်းစဉ်)

## ကာကွယ်နိုင်

ထိုကဲ့သို့ တရားမဝင်ကလေးများ သတ်မှတ်၍ ထိန်းချုပ်ခြင်းကြောင့် တရားဝင် လက်ထပ်ထိမ်းမြားမှုကို အလေးထားလာခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်ထွက်ပြေးသွားသူ BD ပြေးများမှ ၎င်းတို့၏ ဇနီးများနှင့် တရားမဝင် ပေါင်းသင်းမှုများ ပြုလုပ်မှုနည်းပါးလာခြင်း၊ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုများမှ ဖခင်မပေါ်ဘဲ ကလေးမွေးဖွားမှုနည်းပါးလာခြင်းနှင့် တရားမဝင်လူဦးရေ တိုးပွားမှုကို ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါကြောင်း။

အထက်ပါ တရားမဝင်ကလေး အရေအတွက်မှာ ၂၀၀၉ ခုနှစ် လူဦးရေစစ်ဆေးပြီးစီးသည့် စာရင်းအရ (၇၂၈၉)ဦးအထိရောက်ရှိခဲ့ပြီး ထိုကလေးများသည် အချိန်နှင့်အမျှ တဖြည်းဖြည်း အရွယ်ရောက်လာကြမည်ဖြစ်ပါ၍ ယင်းတို့ အရွယ်ရောက်လာသည့်အခါ စာရင်းမဲ့ဖြစ်နေခြင်း၊ ဒေသန္တရအမိန့်များ၊ ဥပဒေများကို ထပ်မံချိုးဖောက်ခြင်း၊ တရားမဝင် အိမ်ထောင်ပြုခြင်း၊ ကလေးမွေးဖွားခြင်း၊ မွေးဖွားသည့်ကလေးအား စာရင်းမသွင်းနိုင်ခြင်းစသည့် ပြဿနာများ ပိုမိုတိုးပွား၍ ရှုပ်ထွေးသည့်အခြေအနေများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

အထက်ပါဖြစ်ပွားလာမည့် အခြေအနေများကို ကြိုတင်မျှော်တွေး၍ နောင်ထပ်မံမဖြစ်ပွားရန် အုပ်ထိန်းသူများအား ဥပဒေနှင့်အညီ သင့်လျော်သလိုတရားစွဲဆို၍ သင့်လျော်သော ပြစ်ဒဏ်ပေးကာ သက်ဆိုင်ရာ အိမ်ထောင်စုစာရင်းတွင် တရားဝင်ထည့်သွင်းနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း။

နိုင်ငံခြားသားများနှင့် သံသယရှိသူများ၊ မြို့နယ်ကျော်၊ ပြည်နယ်/တိုင်းကျော် ခရီးသွားလာရာတွင် ၁၉၅၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်နည်းဥပဒေ ၂၈(၁) အရလည်းကောင်း၊ ဒေသန္တရအမိန့်အရလည်းကောင်း၊ ခရီးသွားလာခွင့်ပြုသည့် ယာယီခရီးသွားလာခွင့်လက်မှတ်ပုံစံ(၄)အား ရယူကိုင်ဆောင်သွားလာရမည်ဖြစ်ပါကြောင်း၊ ယာယီသက်သေခံကတ်ပြားပါရှိပြီး ခရီးသွားလာခွင့်လက်မှတ်(ပုံစံ-၄) မပါဘဲ ခရီးသွားရောက်ပါက ဘင်္ဂါလီလူမျိုးများကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ(၁၈၈)အရ အရေးယူမည့်အပြင် ခရီးသွားလာသောဘင်္ဂါလီသည် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ပုဒ်မ ၂၉(၁)ကို ကျူးလွန်ပါက ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၆ (၁)၊ ၆(၂)အရ အရေးယူဆောင်ရွက်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က လမ်း၊ တံတားတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

## ပြန်လည်အပ်နှံ

ရှေးဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း၏ **"ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဖားကန့်-မိုးကောင်းလမ်းပိုင်းကို အချိန်တိုအတွင်း ရာသီမရွေးခရီးသွားလာနိုင်ရန် မည်ကဲ့သို့ စီမံဆော...**

**ပါကြောင်း"** နှင့်စပ်လျဉ်း၍ မိုးကောင်း-ကာမိ...

မိုးကောင်းမှ ပါဟုတ်အထိ (၈)မိုင်အပိုင်းကို ...

ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က လမ်း၊ တံ...

တည်ဆောက်ရန် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်...

ကာမိုင်း-ဖားကန့် အပိုင်းသည် မူလကခိုင်မာသေ...

ကုမ္ပဏီလီမိတက်က ဘီအိုတီစနစ်ဖြင့် ဆောင်...

ဖြစ်ပြီး (၇-၄-၂၀၁၁) ရက်နေ့တွင် လုပ်ငန်း...

ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ (၁၁-၅-၂၀၁၁) ရက်...

မှာ ကတ္တရာလမ်း (၂)မိုင် (၆)ဖာလုံ၊ ကျောက်...

အမာခံ လမ်း (၄၉)မိုင် (၄)ဖာလုံ စုစုပေါင်း (၅၄)...

ဖားကန့်ဒေသသည် ကျောက်စိမ်းထွက်ရှိသ...

တူးဖော်မည့်ကုမ္ပဏီများ၏ စက်ယန္တရားကြီးများ...

ဆီသယ်ယာဉ်ကြီးများကြောင့်လည်း ပိုမိုပျက်စီးခဲ့...

အနေတွင် ဒေသခံတိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်...

ဖြင့် လုပ်ငန်းဆောင်ရွက်ရန် ပြည်နယ်အစိုးရကို...

အစိုးရက လမ်း၊ တံတားများအဆင့်မြှင့်တင်...

ဆောင်ရွက်နိုင်မည့် ခိုင်မာတောင့်တင်းသော ကုမ္ပ...

ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်...

ဆက်လက်တင်ပြ၍ လုပ်ကိုင်ခွင့်ရရှိရေးကို ဆော...

ကြောင်းနှင့် ယင်းလမ်းအား ပွင့်လင်းရာသီတွင် ...

ဆောင်ရွက်နိုင်ရေး ဘီအိုတီယူမည့်ကုမ္ပဏီအ...

ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

## ဖောက်လုပ်ထား...

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(...

**"ခန္တီး-ဟုမ္မလင်းလမ်း၊ ဟုမ္မလင်း-ဖောင်းပြင်-ပ...**

**ဖောင်းပြင်-သက္ကယ်ကျင်းလမ်း၊ ကတ်သာ-အောင်...**

**ဖားကန့်လမ်း၊ ဟုမ္မလင်း-နောင်ပိုအောင်-နမ့်တော-...**

**များအား လမ်းအဆင့်မြှင့်တင်ပေးရန် ရှိ/မရှိ...**

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆော...

ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းသည် ...

ကလေးဝမြို့နယ်နှင့် ခန္တီးမြို့နယ်တို့ကို ဆက်သွယ်...

ဖြစ်ပြီး လမ်းအရှည်မိုင် (၃၃၀)ရှည်လျားပါကြော...

အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၅)မိုင်...

(၄) ဖာလုံနှင့် မြေလမ်း (၁၁၂) မိုင် (၄) ဖာလုံ...

အဆိုပါလမ်းကို လမ်းဆောက်လုပ်ရေးအ...

(၁)ဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁-...

ငွေရင်းရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်...

အား အမာခံလမ်းခင်းခြင်း (၄)မိုင်၊ ကတ္တရာလ...

(၃၄)ပေအကျယ် မြေသားတာပေါင်တင်ခြင်း (...

အဆင်းကြမ်းသောအပိုင်းအား လျှောစောက်နှိမ့်ချ...

လျက်ရှိပါကြောင်း၊ ခွဲဝေရရှိသည့် သာမန် ပြင်...

ဖြင့်လည်း အရှည် (၁၁)မိုင်ရှိ လမ်းသားပျက်စီးနေ...

ဖြင့်ပြင်ဆင်ခြင်း၊ အရှည်(၇၂)မိုင်ရှိ တောင်ပြိုမြေ...

ဘီးလမ်းချိုင့်များအား မြေသယ်ဖို့ခြင်းနှင့် လမ်းမျ...

အပါအဝင် ရေပြွန်၊ သစ်သားတံတား၊ ယာယီရေနံ...

ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆော...

ဖောင်းပြင်-ပင်လည်ဘူးလမ်းမှာ (၆၅)မိုင်...

ရက်နေ့အထိလမ်းအခြေအနေမှာ ကတ္တရာလမ်း (...

(၄) ဖာလုံ၊ အမာခံလမ်း (၈)မိုင် (၅)ဖာလုံနှင့် ...

ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်ခွဲဝေရရှိသည့်...

ခြင်းရန်ပုံငွေဖြင့် တစ်လမ်းလုံးအား သာမန်ပြင်ဆ...

လမ်းသားပျက်စီးနေသောအပိုင်းကို ကျောက်၊ ...

ပြုပြင်ခြင်း၊ သံကူကွန်ကရစ်ရေပြွန်များ၊ အုတ်က...

များနှင့် ကျောက်စီရေမြောင်းတည်ဆောက်ခြင်းတို့...

လမ်းအဆင့်တိုးမြှင့်နိုင်ရန်အတွက် လာမည့်ဘ...

ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တ...

ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

## တာဝန်ယူဆောင်ရွက်...

ကျန်လမ်းများဖြစ်သော ခန္တီး-တာမခံ-ဖားက...

အောင်-နမ့်တော-ရွှေပြည်မြင့်-ဆည်ဇင်းလမ်းနှ...

လမ်းတို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်...

လမ်းအပိုင်းများဖြစ်ပါကြောင်းဖြင့် ဖြေကြားသ...

**ရာသီမရွေးခရီးသွားလာနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း''** နှင့်စပ်လျဉ်း၍ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းတွင် မိုးကောင်းမှ ပါဟုတ်အထိ (၈)မိုင်အပိုင်းကို တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က လမ်း၊ တံတားများ အဆင့်မြှင့်တင် တည်ဆောက်ရန် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါဟုတ်-ကာမိုင်း-ဖားကန့် အပိုင်းသည် မူလကခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နေသည့် လမ်းအပိုင်း ဖြစ်ပြီး (၇-၄-၂၀၁၁) ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်အား ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ (၃၁-၅-၂၀၁၁) ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၂)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၂)ဖာလုံနှင့် အမာခံ လမ်း (၄၉)မိုင် (၄)ဖာလုံ စုစုပေါင်း (၅၄)မိုင် (၄)ဖာလုံဖြစ်ပါကြောင်း။

ဖားကန့်ဒေသသည် ကျောက်စိမ်းထွက်ရှိသည့်ဒေသဖြစ်၍ ကျောက်စိမ်း တူးဖော်မည့်ကုမ္ပဏီများ၏ စက်ယန္တရားကြီးများနှင့်ဒီဇယ်ဆီ သယ်ယူသည့် ဆီသယ်ယာဉ်ကြီးများကြောင့်လည်း ပိုမိုပျက်စီးခဲ့ရပါကြောင်း၊ လက်ရှိအခြေအနေတွင် ဒေသခံတိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်အချို့က ဘီအိုတီစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် ပြည်နယ်အစိုးရကိုလျှောက်ထားလာပြီး ပြည်နယ်အစိုးရက လမ်း၊ တံတားများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက်နိုင်မည့် ခိုင်မာတောင့်တင်းသော ကုမ္ပဏီကို စိစစ်ရွေးချယ်ဆဲဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ရရှိပါက မိမိဝန်ကြီးဌာနက ဆက်လက်တင်ပြ၍ လုပ်ကိုင်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ယင်းလမ်းအား ပွင့်လင်းရာသီတွင် ယခုထက်ပိုကောင်းအောင် ဆောင်ရွက်နိုင်ရေး ဘီအိုတီယူမည့်ကုမ္ပဏီအား တွန်းအားပေးသွားမည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

## ဖောက်လုပ်ထား

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်၏ **''ခန္တီး-ဟုမ္မလင်းလမ်း၊ ဟုမ္မလင်း-ဖောင်းပြင်-ပင်လည်ဘူးလမ်း၊ ဟုမ္မလင်း-ဖောင်းပြင်-သက္ကယ်ကျင်းလမ်း၊ ကတ်သာ-အောင်ဇေယျလမ်း၊ ခန္တီး-တာမခံ-ဖားကန့်လမ်း၊ ဟုမ္မလင်း-နောင်ပိုအောင်-နမ့်တော-ရွှေပြည်မြင့်-ဆည်ဇင်းလမ်းများအား လမ်းအဆင့်မြှင့်တင်ပေးရန် ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်နှင့် ခန္တီးမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်း ဖြစ်ပြီး လမ်းအရှည်မိုင် (၃၃၀)ရှည်လျားပါကြောင်း၊ (၃၁-၅-၂၀၁၁) ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၅)မိုင်၊ အမာခံလမ်း (၂၁၂) မိုင် (၄) ဖာလုံနှင့် မြေလမ်း (၁၁၂) မိုင် (၄) ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းကို လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁)ဖွဲ့နှင့် ခရိုင်အဖွဲ့(၁)ဖွဲ့ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် မူလမြေလမ်းအား အမာခံလမ်းခင်းခြင်း (၄)မိုင်၊ ကတ္တရာလမ်းသစ်ခင်းခြင်း (၄)ဖာလုံ၊ (၃၄)ပေအကျယ် မြေသားတာပေါင်တင်ခြင်း (၂)မိုင် (၆)ဖာလုံနှင့် အတက်အဆင်းကြမ်းသောအပိုင်းအား လျှောစောက်နှိမ့်ချခြင်း ၂ မိုင်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွဲဝေရရှိသည့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်လည်း အရှည် (၁၁)မိုင်ရှိ လမ်းသားပျက်စီးနေသောအပိုင်းအား ခွဲကျောက်ဖြင့်ပြင်ဆင်ခြင်း၊ အရှည်(၇၂)မိုင်ရှိ တောင်ပြိုမြေဖယ်ရှား၍ ရေစီးချောက်နှင့်

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို၏ **''နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ထမံသီ-လေရှီးလမ်း၊ ဆင်သေ-လဟယ်လမ်း၊ ရှင်ဗွေယန်-နန်းယွန်းလမ်းနှင့် နန်းယွန်း-ပန်ဆောင်လမ်းများအား ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ရှိ၊မရှိနှင့် လဟယ်မြို့နှင့်လေရှီးမြို့သို့ဆက်သွယ်သောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ သိလိုပါကြောင်း''** မေးမြန်းချက်နှင့်စပ်လျဉ်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ခန္တီး-ဆင်သေ-လဟယ်လမ်းအခြေအနေမှာ ကတ္တရာလမ်း(၃၁)မိုင်၊ ကျောက်လမ်း (၁၁)မိုင်၊ မြေလမ်း (၁၂)မိုင်နှင့် ချင်းတွင်းမြစ် (၂)မိုင်၊ စုစုပေါင်း (၅၆)မိုင်ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လမ်း၊ တံတား ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်း၏ ကျောက်လမ်း (၃)မိုင်ကို ကတ္တရာလမ်းအဆင့်မြှင့်တင်၍ တံတား (၆)စင်း တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနှင့် ချောမွေ့စွာသွားလာနိုင်ရေးအတွက် ယင်းဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း (၅၄)မိုင်၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ ရေစီးချောက်များ၊ ဘီးရာချိုင့်များ မြေဖို့ခင်းကြိတ်ခြင်း (၁၁)မိုင်၊ မြေလမ်းမှ အမာခံလမ်းအဆင့်ထိ တိုးမြှင့်တည်ဆောက်ခြင်း (၃) မိုင် (၃)ဖာလုံနှင့် နန့်စလိန်တံတားတာဝါတိုင် မြေထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထမံသီ-လေရှီးလမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၉)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း(၁၂)မိုင် (၂) ဖာလုံနှင့် မြေလမ်း(၉)မိုင်(၄)ဖာလုံ၊ စုစုပေါင်း (၄၁)မိုင် ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် (၁၂)ပေအကျယ် ကျောက်ချောလမ်းခင်းခြင်း၊ (၁၂)ပေအကျယ်ကတ္တရာလမ်းခင်းခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ ရေစားချောက်များ မြေဖို့ကြိတ်ခင်းခြင်း၊ ကျောက်စီရေမြောင်းများပြုလုပ်ခြင်း၊ လမ်းကျဉ်းနေရာတွင် ပေ (၅၀)အရှည် ကျောက်စီမြေကာနံရံများတည်ဆောက်၍ ကမ်းပါးယံချဲ့ခြင်း၊ (၄၅)ပေအရှည် ကျောက်စီမြေထိန်းနံရံများတည်ဆောက်ခြင်း၊ တောင်ကျရေရှိသောနေရာများတွင် Box Culvert များတည်ဆောက်ခြင်းနှင့်ချင်းတွင်းမြစ်အတွင်း ပင်းမာဆိပ်ကမ်းမှ ထမံသီဆိပ်ကမ်းသို့ကူးရန် ကားကူးဖောင်ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

## တည်ဆောက်ပြီးစီး

ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းကိုမူ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးသို့ ငွေအပ်စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းအရှည် (၆၁)မိုင်ရှိပြီး အမာခံလမ်းအဖြစ်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ အတက်အဆင်းကြမ်းသည့် လမ်းအပိုင်းများတွင် ဘီးလမ်းအကျယ်တစ်ဖက် (၂)ပေစီ ကတ္တရာခင်းခြင်း (၆)မိုင်ဆောင်ရွက်ထားပြီး ပေ (၅၀)အောက် တံတား(၄၅)စင်း တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းဘေးဝဲယာ ချုံရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများတူးဖော်ခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ အမာခံလမ်းပျက်များအား ကျောက်ဖြည့်ခင်းကြိတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် မြေသားလမ်းများကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်လမ်းအဆင့်တိုးမြှင့်တည်ဆောက်ရန်ကျန်ရှိသော ခန္တီး-

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။**
(သတင်းစဉ်)

ဘီးလမ်းချိုင့်များအား မြေသယ်ဖို့ခြင်းနှင့် လမ်းမျက်နှာပြင်ညှိခြင်းလုပ်ငန်းများ အပါအဝင် ရေပြွန်၊ သစ်သားတံတား၊ ယာယီရေနိမ့်တံတားများနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖောင်းပြင်-ပင်လည်ဘူးလမ်းမှာ (၆၅)မိုင်ရှည်လျားပြီး (၃၁-၅-၂၀၁၁) ရက်နေ့အထိလမ်းအခြေအနေမှာ ကတ္တရာလမ်း (၃)မိုင်၊ ကျောက်လမ်း (၁၇)မိုင် (၄) ဖာလုံ၊ အမာခံလမ်း (၈)မိုင် (၅)ဖာလုံနှင့် မြေလမ်း (၃၅)မိုင် (၇)ဖာလုံ ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တစ်လမ်းလုံးအား သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းအပါအဝင် လမ်းသားပျက်စီးနေသောအပိုင်းကို ကျောက်၊ ဂျင်းမြေ ဖြည့်ခင်းကြိတ်၍ ပြုပြင်ခြင်း၊ သံကူကွန်ကရစ်ရေပြွန်များ၊ အုတ်ကမ်းကပ်ခုံ၊ သစ်သားတံတားများနှင့် ကျောက်စီရေမြောင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း၊ လမ်းအဆင့်တိုးမြှင့်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

## တာဝန်ယူဆောင်ရွက်

ကျန်လမ်းများဖြစ်သော ခန္တီး-တာမခံ-ဖားကန့်လမ်း၊ ဟုမ္မလင်း- နောင်ပိုအောင်-နမ့်တော-ရွှေပြည်မြင့်-ဆည်ဇင်းလမ်းနှင့် ကတ်သာ-အောင်ဇေယျလမ်းတို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းများဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လဟယ်လမ်းမှ မြေလမ်း(၈)မိုင် (၇)ဖာလုံနှင့် ထမံသီ-လေရှီးလမ်းမှ မြေလမ်း (၇)မိုင်(၂)ဖာလုံတို့အား လမ်း၊ တံတားငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေတွင်မူ လဟယ်-လေရှီးလမ်း ဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက **''ရေနံချောင်းမြို့နယ်၊ ပင်းချောင်းတံတားအား ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ် အမျိုးအစားဖြင့် အစားထိုး ဆောက်လုပ်နိုင်ခြင်းရှိ၊မရှိ၊ ရေနံချောင်း-ငွေးကုန်း-ဝက်ချုပ်-နတ်မောက် မြို့နယ်ချင်းဆက်လမ်းရှိ ငွေးကုန်းမှနတ်မောက်အထိ (၂၉)မိုင်(၃)ဖာလုံအား ပထမအဆင့်ကျောက်ချောလမ်း၊ ဒုတိယအဆင့် ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဖောက်လုပ်နိုင်မည့်အခြေအနေ''** တို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ရန်ကုန်-ပြည်-မကွေး-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ ရေနံချောင်းမြို့နယ်အပိုင်း မိုင်တိုင် (၃၆၇/၁)-(၃၆၇/၂)အတွင်းရှိ တံတားအမှတ် (၁က/၃၆၈)ပင်းချောင်းတံတားသည် အရှည်ပေ (၅၆၀)၊ အကျယ် (၁၂)ပေရှိ တစ်လမ်းသွား ဘေလီတံတား အမျိုးအစားဖြစ်ပါကြောင်း၊ တံတားတိုင်များကို သံကူကွန်ကရစ်ဖြင့်တည်ဆောက်ထားပြီး အပေါ်ထည်ကို သုံးလွှာတစ်ထပ်နှင့် နှစ်လွှာတစ်ထပ် တည်ဆောက်ထားသော ဘေလီတံတားအမျိုးအစားဖြစ်ပါကြောင်း၊ တံတားခံနိုင်ဝန်မှာ တန် (၃၀) ဖြစ်ပါကြောင်း၊ ၁၉၇၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ယနေ့အထိ (၃၇)နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း။

## အဆင့်မြှင့်ဆောက်လုပ်

အဆိုပါတံတားသည် ရန်ကုန်-ပြည်-မကွေး-မန္တလေး အဓိကဆက်သွယ်ရေး လမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ဘေလီ တံတားအမျိုးအစားဖြစ်၍ ယနေ့ ခေတ်တိုးတက်လာသော(ကုန်+ယာဉ်)အလေးချိန်များအတွက် ကြံ့ခိုင်မှုအားနည်းခြင်း၊ တစ်လမ်းသွားတံတားဖြစ်၍ များပြားလာသောယာဉ်များ တစ်စီးပြီးမှ တစ်စီးဖြတ်ကူးရ၍ သွားလာမှုအဆင်မပြေခြင်းတို့ကြောင့် တိုးတက်များပြားလာသောယာဉ်များ သွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်သွက်လက်လာစေရေးတို့အတွက် (၇၅)တန် ခံနိုင်ဝန် နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောက်လုပ်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ဆောက်လုပ်ရေးအတွက် ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၁)သို့ တင်ပြခဲ့ပြီး ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်း၊ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ငွေးကုန်း-ဝက်ချုပ်-နတ်မောက်-ပျော်ဘွယ်လမ်းဆုံ(၅၉/၂)မိုင်အထိ (၂၉)မိုင်(၃)ဖာလုံ အရှည်လမ်း၏ ၃၁-၅-၂၀၁၁ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၃)မိုင် (၄)ဖာလုံနှင့် မြေလမ်း (၂၅)မိုင်(၇) ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းမဟုတ်သည့်အတွက် ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဖောက်လုပ်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၏ **''ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်-ကမမောင်းလမ်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ''** မေးခွန်းနှင့် စပ်လျဉ်း၍ ဖာပွန်-ကမမောင်းလမ်းသည် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့နယ်ခွဲတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်ပါကြောင်း၊ (၅၇)မိုင်(၄)ဖာလုံ ရှည်လျားပြီး နိုင်ငံတော်က (၂၀၀၄-၂၀၀၅)ဘဏ္ဍာနှစ်မှ (၂၀၁၀-၂၀၁၁) ဘဏ္ဍာနှစ်အတွင်း ကတ္တရာလမ်း (၂၅)မိုင် (၁)ဖာလုံ တိုးတက်တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၂၅)မိုင်(၁)ဖာလုံ၊ ကျောက်လမ်း (၃၀)မိုင်(၄)ဖာလုံနှင့် အမာခံလမ်း (၁)မိုင်(၇) ဖာလုံ ဖြစ်ပါကြောင်း၊ ကတ္တရာလမ်းအဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန် (၃၂)မိုင် (၃)ဖာလုံ ကျန်ရှိသည့်အနက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကျောက်လမ်းမှ ကတ္တရာအဆင့် (၁၀)မိုင်တိုးမြှင့်ဆောင်ရွက်မှာဖြစ်ပြီး လုံခြုံရေးအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန် (၂၂)မိုင် (၃)ဖာလုံသာ ကျန်ရှိတော့မည်ဖြစ်၍ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

## အသစ်လဲလှယ်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က **''လောင်းလုံမြို့နယ်အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင်ပြုပြင်ပြီး လမ်းကောင်းတစ်ခုဖြစ်လာရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ''**မေးခွန်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မောင်းမကန်-ကမြောကင်း-လောင်းလုံ-ကျောက်နီမော်လမ်းတွင် ပါဝင်သည့် လောင်းလုံ-ကျောက်နီမော်လမ်းအပိုင်းသည် (၂၅)မိုင်ရှည်လျားပြီး ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းချိုင့်ပေါက်ကြီးများအား ကတ္တရာဖြင့် ဖာထေးခြင်း(၁၄)မိုင်၊ လမ်းချိုင့်ခွက်များအား ကျောက်သဲဖြင့် ဖာထေးခြင်း (၇)မိုင်နှင့် ဆွေးမြည့်နေသော သစ်သားတံတားများအား အသစ်လဲလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်နီမော်-ရှင်မော်လမ်းအပိုင်းသည် (၁၂)မိုင် (၄)ဖာလုံ ရှည်လျားပြီး ၃၁-၅-၂၀၁၁ရက်နေ့အထိ လမ်းအခြေအနေမှာ ကျောက်လမ်း(၈)မိုင် (၃)ဖာလုံနှင့် မြေလမ်း (၄)မိုင်(၁)ဖာလုံဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် (၁၀) မိုင်(၃)ဖာလုံအတွင်း ပျက်စီးနေသည့်လမ်းပေါက်များကို ကျောက်သဲဖြင့် ဖြည့်ခင်းကြိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမြတ်ဉာဏစိုးက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ယင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။ ထို့နောက် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်က တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်းကအမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းရာ ယင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှဦးသိန်းဝင်း တင်သွင်းထားသည့် **''အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က) The Myanmar Companies Act၊ (ခ) The Partnership Act၊ (ဂ) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယမန်နေ့က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းထားသည့် **''အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့က စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများကို စိစစ်လေ့လာရာတွင် ဖျက်သိမ်းသင့်သော ဥပဒေ(၅၁)ခု၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သောဥပဒေ(၁၁၁)ခုနှင့် ဆက်လက်ကျင့်သုံးသင့်သောဥပဒေ(၁၁၅)ခု၊ စုစုပေါင်း(၂၇၇)ခုကို လေ့လာတွေ့ရှိရပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

## လေ့လာတွေ့ရှိ

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်က ဝန်ကြီးဌာန(၄)ခုက စီမံခန့်ခွဲလျက်ရှိသော ဥပဒေပေါင်း(၈၂)ခုကို စိစစ်လေ့လာရာတွင် ဖျက်သိမ်းသင့်သော ဥပဒေ(၄)ခု၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သောဥပဒေ(၄၅)ခုနှင့် ဆက်လက်ကျင့်သုံးသင့်သောဥပဒေ(၃၃)ခုကို လေ့လာတွေ့ရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်က အဆိုတွင်ပါရှိသည့် အဖွဲ့အစည်း(၅)ခုနှင့် ဝန်ကြီးဌာန(၅)ခုတို့က စီမံခန့်ခွဲလျက်ရှိသော ဥပဒေ(၄၅)ခုကို စိစစ်လေ့လာရာတွင် ဖျက်သိမ်းသင့်သော ဥပဒေ(၆)ခု၊ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သောဥပဒေ(၁၂)ခုနှင့် ဆက်လက်ကျင့်သုံးသင့်သောဥပဒေ(၂၇)ခုကို စိစစ်တွေ့ရှိရပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဆွေးနွေးရာတွင် တရားရုံးချုပ်၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က စီမံခန့်ခွဲသောဥပဒေများအနက် ဖျက်သိမ်းသင့်သော ဥပဒေ(၁၂)ခု၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော ဥပဒေ (၃၆)ခုနှင့် ဆက်လက်ကျင့်သုံးသင့်သော ဥပဒေ (၃၃)ခု တို့ကို စိစစ်လေ့လာတွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် နိုင်ငံခြားပညာရေး ဝန်ဆောင်မှုများဆိုင်ရာဥပဒေ၊ ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးသုတေသနလုပ်ငန်းဆိုင်ရာဥပဒေနှင့် ကျန်းမာရေးအာမခံဥပဒေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မူကြိုကျောင်းများဆိုင်ရာဥပဒေ၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဥပဒေတို့ကို အသစ်ပြဋ္ဌာန်းသင့်သော ဥပဒေများအဖြစ် လေ့လာတွေ့ရှိရပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

*စာမျက်နှာ ၉ မှ*

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်မှ ရှင်းလင်းတင်ပြပြီးဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးဌာနများအနေနှင့်လည်း ယခု ပထမအကြိမ် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ပြင်ဆင်သည့်ဥပဒေများ၊ အသစ်ရေးဆွဲသည့် ဥပဒေများကို တင်ပြလျက်ရှိပါကြောင်း။

**အတည်ပြု**

သို့ပါ၍ တင်သွင်းထားသည့်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတိုက်တွန်းသည့်အတိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ပြည်ထောင်စုအစိုးရအပေါ် ပြည်သူများ၏အကျိုးငှာ စေတနာဖြင့် အကြံပြုချက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ကျောက်စိမ်း ကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတို့ကို တင်သွင်းရာ ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **"မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ညနေ ၃ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက် သောကြာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥဒေကြမ်း (၂)ခုကို အတည်ပြုခြင်းနှင့် ဥပဒေကြမ်း အသစ်တစ်ခုကို တင်သွင်းခြင်း၊ ယမန်နေ့ကတင်သွင်းခဲ့သည့်အဆို(၂)ခုကို အတည်ပြုခြင်း၊ အဆိုသစ် (၃)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကွန်ပျူတာ လုပ်ငန်းရှင်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းကကြီးမှူး၍ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ အခန်းအမှတ် (၂၀၅)၌ ဦးသန်းမောင်(စစ်တွေ)က IP Awareness and IT Development ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်အားပေးကြစဉ်။**
(မြန်မာ့အလင်း)

# ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အများပြည်သူအား တွေ့မြင်နိုင်စေရန်၊ ထုတ်ကုန်ပစ္စည်း အရည်အသွေး လျင်မြန်စွာသိရှိ၍ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်၊ ပြည်သူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာများကို တွေ့မြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ (Yangon Trade Exhibition 2011) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးတို့ တက်ရောက်အားပေးကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် IEMS Company Limited မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုး မျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံး အထွေထွေပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ စာအုပ်စာပေအမျိုးမျိုးတို့အပြင် နယူးတိုက်ဂါးစာပေမှ စာအုပ်ဝယ်ယူသူများအား စာအုပ်လက်ဆောင် ပေးအပ်မည်ဖြစ်ကာ ပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**မြန်မာ့အလင်း ပြည်တွင်းအားကစား**

# KENBO Junior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ပြန်လည်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိကကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို စက်တင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉ မိုင်)၌ ပြန်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တန်းများအနေဖြင့် ရှစ်နှစ်မှ ၁၂ နှစ်၊ ၁၃ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၁၈ နှစ်နှင့် ၁၉ နှစ်မှ ၂၁ နှစ်အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည်ဖြစ်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် စာရင်းပေးသွင်းသည့်အခါ မှတ်ပုံတင် သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူ ယူဆောင်၍ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထားကာ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၀၊ ၀၉-၇၃၁၃၀၄၇၄၊ ၆၅၁၃၇၄ နှင့် မြန်မာဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲသို့ လက်ဝှေ့အဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ စက်တင်ဘာ ၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် လက်ဝှေ့အားကစားနည်း စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်နှင့် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိကျင်းပမည့် ကမ္ဘာ့ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားနှစ်ဦး သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၉-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo<br>ပဋ္ဌာန်းပါဠိတော်+ အဋ္ဌာနာဋိယသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | **အမြတ်ဆုံး တရား(၄)ပါး**<br>တရားတော်<br>(ဆရာတော်အသျှင်ဉာဏိဿရ) |
| ၆:၃၀ | ဓမ္မစကြာတရားဦးဟောရာ<br>မိဂဒါဝုန်မှာ သံဝေဂရယူပါ |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**နွေးထွေးသောမေတ္တာ**<br>(အပိုင်း-၁၁၄) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**မာယာမျဉ်းပြိုင်** (အပိုင်း-၅၆) |
| ၈:၅၀ | ezy ACOUSTIC SHOW (Part-4) |
| ၉:၄၀ | Movie Talk<br>ဒါရိုက်တာ-ကြည်စိုးထွန်း၊<br>ဒေစီကျော်ဝင်း (အပိုင်း-၂) |
| ၁၀:၀၀ | Activities in the City<br>MSI Product အသစ်<br>မိတ်ဆက်ခြင်း<br>ဂီတစာဆို မျိုးနွယ်ဆွေ၏<br>**သေချာလို့ပြောတာပါ တေးစီးရီး ဖြန့်ချိခြင်း** |
| ၁၀:၂၅ | ကောင်းခြင်းအင်္ဂါအဖြာဖြာ<br>အမျိုးသမီးကညာ ပြည်မြန်မာ |
| ၁၀:၅၀ | ဖက်ရှင်လမ်းညွှန်<br>(ဒီဇိုင်နာငါးဦး၏ လက်ရာ)<br>(အပိုင်း-၁) |
| ၁၁:၂၅ | ရန်ကုန်မြင်ကွင်းကျယ်<br>(PS Business School မှ စီစဉ်ကျင်းပသော MBPC 2011) |
| ၁၁:၅၀ | Activities in the City<br>(National Building Code Development Project) |
| ၁၂:၁၅ | စေတနာအခြေခံ တောင်ကြီးမြို့ရဲ့<br>မြတ်ဆုနိဗ္ဗာန် |
| ၁၂:၄၀ | သရုပ်ဆောင် **စိုးရန်အောင်** ၏<br>စာနယ်ဇင်း မိတ်ဆက်ပွဲအခမ်းအနား |
| ၁:၀၀ | **အမြတ်ဆုံး တရား(၄)ပါး**<br>တရားတော်<br>(ဆရာတော်အသျှင်ဉာဏိဿရ) |
| ၁:၄၅ | ဆုပန်ရည်စူးအရောက်ဖူး…<br>မြတ်ဘုရားဖောင်တော်ဦး |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**နွေးထွေးသောမေတ္တာ**<br>(အပိုင်း-၁၁၄) |
| ၄:၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**မာယာမျဉ်းပြိုင်** (အပိုင်း-၅၆) |
| ၅:၀၀ | **(၁၂)ခုမြောက် EUSHIDO** |
| | **ကောင်တာဖွင့်ပွဲနှင့် မိုးရာသီ အထူးဈေးရောင်းပွဲတော်** |
| ၅:၂၀ | The Champion of Dance |
| ၅:၄၅ | ပန်းကလေးများအတွက်<br>အနာဂတ်ပန်းတိုင်… SCBI |
| ၆:၀၀ | MRTV -4 သတင်း |
| ၆:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**နွေးထွေးသောမေတ္တာ**<br>(အပိုင်း-၁၁၅) |
| ၇:၀၀ | ezy ACOUSTIC SHOW (Part-5) |
| ၈:၀၀ | MRTV -4 သတင်း |
| ၈:၃၀ | Korea City of Seoul is… Education |
| ၈:၅၅ | အနုပညာမိုးကောင်းကင် |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>**မာယာမျဉ်းပြိုင်** (အပိုင်း-၅၇) |
| ၁၀:၂၀ | Intellectual Talk<br>(Sustainable Development)<br>(Part-2) |
| ၁၀:၅၅ | Sewing Mill "Shinsung"<br>(ရွှေပေါက်ကံစက်မှုဇုန်) |
| ၁၁:၀၀ | VJ Choice |
| ၁၁:၃၅ | World Championships in Athletics, Daegu |
| ၁၂:၃၅ | ဆေးဖက်ဝင် ကျွဲကောပင်၏<br>အာဟာရတန်ဖိုးများအကြောင်း |
| ၁၂:၄၅ | ဂီတသရုပ်ပြခန်း<br>(လှိုင်ဦးမော်နှင့် မနောတို့၏<br>လက်ရွေးလေးစီးရီး) |
| ၁:၁၅ | သန့်ရှင်းကျန်းမာ တစ်ရှူးကမ္ဘာ |
| ၁:၃၅ | သူတို့ပြောတဲ့သူတို့အကြောင်း<br>(ဟာသသရုပ်ဆောင်မိုးဒီနှင့်<br>တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၂:၀၀ | ငွေဆောင်ဒေသရဲ့<br>သရက်တောထိုးမုန့် |
| ၂:၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၂:၂၅ | World of Knowledge<br>(Ancient Mega Structure : Angkor Wat) |
| ၃:၁၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄:၁၀ | **ကလေးများအတွက် အကောင်းဆုံး**<br>ရီဝေယံ၊ မင်းရာဇာ၊<br>ပန်းဖြူ၊ ဖြိုးသူရကျော်<br>(ဒါရိုက်တာ-မင်းစိုးသီဟ) |
| ၄:၂၅ | ရိုးရာအစဉ်အလာ…<br>ယဉ်ကျေးမှု အဖြာဖြာ၊<br>ပုဂံမြို့ရဲ့ ယွန်း ပြတိုက်မှာ |
| ၄:၄၀ | တိုးပွားဆောင်ရွက်နိုင်ငံ့လက်<br>ဖေးကူမွေးမြူတို့အတူ<br>(ကဏန်းပျော့မွေးမြူ<br>ထုတ်လုပ်ရေး) |
| ၄:၅၀ | ရှေးမူလက်ရာ လေ့လာစရာ<br>ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ |
| ၅:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း**

**မိုးမြင့်လင်းလက် – ရေးသားသည်**

# အတ္တလန္တိတ်သမုဒ္ဒရာ၌ ယခုနှစ် ဒုတိယမြောက် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်နေ

***ဝါရှင်တန် စက်တင်ဘာ ၁***

*အတ္တလန္တိတ်သမုဒ္ဒရာတွင် ယခုနှစ်၏ ဒုတိယမြောက် ဟာရီကိန်းမုန်တိုင်းတစ်ခု ဖြစ်တည်လျက်ရှိကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက စက်တင်ဘာ ၁ ရက်၌ သတင်းထုတ်ပြန်သည်။*

***ရွေ့လျားလျက်***

*ကာတီနာဟု အမည်ပေးထားသော ၎င်းဟာရီကိန်းမုန်တိုင်းသည် တဖြည်းဖြည်းအားကောင်းလာကာ တစ်နာရီ ၇၅ မိုင်နှုန်းအထိ တိုက်ခတ်နိုင်သောမုန်တိုင်းအဖြစ် ရောက်ရှိလာပြီး အမေရိကန်နိုင်ငံ လီဝတ်ကျွန်းအရှေ့ဘက် ၁၁၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ရွေ့လျားလျက်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။*

***ရေလွှမ်းမှုများဖြစ်***

*ကာတီနာမုန်တိုင်းသည် နောက်ထပ် ၄၈ နာရီအတွင်း အင်အားကောင်းသော ဟာရီကိန်းမုန်တိုင်းအဖြစ် အမေရိကန်နိုင်ငံဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိသည်။ အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့်ရက်များက အိုင်ရီနေမုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် နယူးဂျာစီပြည်နယ်တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။*

***သေဆုံး***

*ထို့အပြင် နယူးယောက်မြို့ဝန်းကျင်နှင့် နယူးဂျာစီပြည်နယ်တို့တွင် အိုင်ရီနေမုန်တိုင်းကြောင့် ပြည်သူ ၅၀ ခန့် သေဆုံးခဲ့ရသည်။ ထို့ကြောင့် ယခုအချိန်အထိ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေဆဲဖြစ်ကြောင်း သိရှိရသည်။* ***(အင်တာနက်)***

# ဖိလစ်ပိုင်၌ အစာအဆိပ်သင့်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ ၃၇ ဦး ဆေးရုံတင်ပို့ခဲ့ရ

**ဒါဗာအိုစီးတီး စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကျေးရွာတစ်ရွာတွင် မသန့်ရှင်းသောအစားအစာများကို စားသုံးမိသော ကျေးရွာသားများအနက် တစ်ဦးသေဆုံးပြီး ၃၇ ဦးဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က စက်တင်ဘာ ၁ ရက်၌ပြောကြားသည်။

**အစာအဆိပ်သင့်**

ဖိလစ်ပိုင်နိုင်ငံ ဒါဗာရိုဒယ်ဆူရာပြည်နယ်ရှိ မာလာလက်မြို့အနီး ပီတိုကျေးရွာတွင် ဩဂုတ် ၃၁ ရက်က ကျင်းပသည့် ဧည့်ခံပွဲတစ်ရပ်၌ တည်ခင်းကျွေးမွေးသော မသန့်ရှင်းသည့် အစားအစာများကို စားသုံးခဲ့မှုကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားပြီး ဆေးရုံတင်ပို့ခဲ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

**သေဆုံးခဲ့**

၎င်းကျေးရွာသားများမှာ ဗိုက်အောင့်ခြင်း၊ မအီမသာဖြစ်ခြင်းနှင့် မူးဝေခြင်း စသည့် ဝေဒနာများ ခံစားခဲ့ရပြီးနောက် ဆေးရုံသို့တင်ပို့ခဲ့ရာမှ အသက် ၇၆ နှစ်အရွယ် အမျိုးသားကြီးတစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

အစာအဆိပ်သင့်မှုဖြစ်စေသည့် အစားအစာများကို ကျန်းမာရေးအရာရှိများက စစ်ဆေးခဲ့ရာ ရက်လွန်နေသည့် အစားအစာများကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

## အခွန်ဆိုင်ရာ သိကောင်းစရာများ မူဆယ်မြို့နယ်၌ ပညာပေးဆွေးနွေး

**မူဆယ် စက်တင်ဘာ ၁**

အခွန်ဆိုင်ရာသိကောင်းစရာများ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၁ နာရီခွဲက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်ခရိုင်နှင့်မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က အခွန်ဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးသည်။ ထို့နောက် တွဲဖက်မြို့နယ် အခွန်ဦးစီးမှူး ဦးစိန်နွယ်က ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းနှင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျေးလက်ဒေသမီးလင်းရေး ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်း(၈)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး(ကျေးလက်ဒေသ မီးလင်းရေး)လုပ်ငန်းသည်လည်း တစ်ခုပါဝင်သည်။

အဆိုပါ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး(ကျေးလက်ဒေသ မီးလင်းရေး) လုပ်ငန်းများ ဆောင်ရွက်လိုကြသည့် စိတ်ပါဝင်စားသူများ၊ အလှူရှင်များသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဖုန်း-၀၆၇-၄၀၅၃၃၈ သို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။ **(နွဲ့နွဲ့ကြည်-သတင်းစဉ်)**

## ပို့ဆောင်ရေးသတင်းဂျာနယ် ထုတ်ဝေမည်

**ရန်ကုန် စက်တင်ဘာ ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိနိုင်ရန် ပို့ဆောင်ရေးသတင်းဂျာနယ် (The Transport News Journal)စက်တင်ဘာ ၅ ရက်မှစတင်၍ နှစ်ပတ်တစ်ကြိမ် တနင်္လာနေ့များတွင် ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၀ပါရှိမည့် သတင်းဂျာနယ်ဖြစ်ပြီး ပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်သည့် သတင်း၊ သုတ၊ ရသ၊ ကဗျာ၊ ဟာသနှင့် အနုပညာကဏ္ဍပေါင်းစုံပါဝင်မည့်အပြင် စာဖတ်ပရိသတ်သိလိုသမျှ အမေးအဖြေကဏ္ဍကိုလည်း ထည့်သွင်းသွားမည်ဖြစ်သည်။

ပို့ဆောင်ရေးသတင်းဂျာနယ် စတင်ထုတ်ဝေခြင်း အထိမ်းအမှတ်အခမ်းအနားနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ယုဇနဂါးဒင်း ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(စိုးမင်း-သတင်းစဉ်)**

## ကျန်းမာရေးနှင့် အစာအာဟာရဆိုင်ရာ မန္တလေး၌ ဟောပြောပို့ချ

**နေပြည်တော် စက်တင်ဘာ ၁**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အထက်မြန်မာပြည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများနှင့် အားကစားနည်းအလိုက် နည်းပြပေးနေကြသော နည်းပြအရာရှိ၊ နည်းစနစ်မှူးများနှင့် အုပ်ချုပ်မှု ဝန်ထမ်းစုစုပေါင်း ၃၂၀တို့အား ဩဂုတ် ၂၆ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ HIV နှင့်ကူးစက်ရောဂါပညာပေးဌာန ဆရာဝန်ကြီးဒေါက်တာဦးကျော်စိုးက HIV/AIDS ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပို့ချခဲ့ပြီး ကျန်းမာရေးနှင့် အစာအာဟာရဌာနမှ သူနာပြု ဆရာမကြီး ဒေါ်မူမူစိုးလွင်က အစားအစာအာဟာရနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁**

### ညောင်လေးပင်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

*ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၃)ရပ်ကွက်၌ ရွှေပြည်စိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသီဟာစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးမြင့်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)***

*ယင်းနောက် စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတရသ စာအုပ် ၁၀၀၊ အလှူရှင်များမှ ငွေပဒေသာပင်နှင့် စာအုပ်များကို တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။*

***(မြို့နယ် ပြန်/ဆက်)***

### စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များလှူဒါန်း

*ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက လပွတ္တာမြို့ စာကြည့်တိုက်တွင် ကျင်းပသည်။*

*အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်၊ စာစောင်တိုးပွားရေး၊ စာဖတ်သူတိုးပွားရေးနှင့် စာအုပ်စာပေ၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များလှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က လက်ခံယူပြီး အလှူရှင် ၁၆ ဦးက ငွေကျပ် ၆၄၉၉၀၀ တန်ဖိုးရှိ စာအုပ် ၇၃၄ အုပ်ကိုလည်းကောင်း၊ စာကြည့်တိုက် ဆေးသုတ်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်းတို့အတွက် အလှူရှင်သုံးဦးက အလှူငွေကျပ် ၁၉၁၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။*

*(ခရိုင် ပြန်/ဆက်)*

### မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

## ပညာရည်ချွန်ဆုပေးပွဲ အမာမြို့၌ကျင်းပ

**အမာ စက်တင်ဘာ ၁**

ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၁နာရီက အဆိုပါကျောင်း၏ ရတနာဆောင်ခန်းမ၌ ကျင်းပသည်။

### စွမ်းဆောင်ပေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက အမာမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အောင်ချက်မြင့်မားရေးအတွက် စွမ်းဆောင်ပေးခဲ့ကြသော ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသိန်း (ဝဲပုံ)နှင့် ဆရာ ဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

## ရောဂါပိုးမွှားများ သယ်ဆောင်သည့် ကျီး၊ ခို၊ ကြွက်၊ ခွေးများ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရှင်းလင်းပေးမည်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေပြည်သူများ ကျန်းမာရွှင်လန်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် ဘက်စုံထောင့်စုံက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ပြည်သူများအား အနှောင့်အယှက်ဖြစ်စေပြီး ရောဂါပိုးမွှားများကို သယ်ဆောင်သည့် ကျီး၊ ခို၊ ကြွက်နှင့် ခွေးများကိုလည်း ရှင်းလင်းပေးရန် စီစဉ်ထားရာ သက်ဆိုင်ရာမြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးတိုင်ကြားလာပါက ရှင်းလင်းဆောင်ရွက်ပေးမည်ဟု သိရသည်။

### နေ့စဉ်ဆောင်ရွက်ပေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက ခွေးရူးရောဂါကာကွယ်ရေးအတွက် ခွေးလေ ခွေးလွင့်များ ရှင်းလင်းခြင်း၊ ပုလိပ်ရောဂါကာကွယ်ရေးအတွက် မြေကြွက်များ ရှင်းလင်းခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ $H_5N_1$ ရောဂါပိုးသယ်ဆောင်သည့် ကျီးနှင့်ခိုများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဝါတွင်းကာလတွင် (ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့) မှအပ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ညွန့်သန်း-သတင်းစဉ်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒီရေတောပင်များစိုက်ပျိုး

**ဟိုင်းကြီးကျွန်း စက်တင်ဘာ ၁**

ဟိုင်းကြီးကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့သစ်အုပ်စု၊ မောင်ပါချိုင်လတာပြင်၌ ဒီရေတော သမုဒ့်ပျိုးပင် ၅၀၀၀ကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက ဟိုင်းကြီးကျွန်းမြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရေလုပ်သားများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ငါးလုပ်ငန်းဦးစီး)**

## မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းများနှင့် သားသမီးများအား ထောက်ပံ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁**

မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူးကျင်းပသော အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်အောင် (အငြိမ်းစား)က အမှာစကားပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ယင်းအခမ်းအနားတွင် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၄ ဦးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၃ ဦးတို့အတွက် ထောက်ပံ့ငွေများနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းတို့တွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ၄၂ ဦးတို့အား ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၁၁ သိန်းကျော်ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်အောင် (အငြိမ်းစား)နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

KHIND®
A World Brand...From Malaysia
Celebrating 50 Years 1961-2011
3 Pin Plug Warranty

Sole Agent: Monarch Company Limited.
Showroom & Distribution
maco Electronics
Ph: 01-205130, 9000007, 9000255, 9000256
Ph: 09-73050013
Ph: 09-73036548

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရေဝတီဘဏ်လီမိတက်၏ (၁၄)ဘဏ်မြောက်ဖြစ်သော ပြည်ဘဏ်ခွဲ ကို ၁.၉.၂၀၁၁ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| ဧပါ ဝေဝေဦးလှဝင်း (Mingalar Garden Resort Hotel) | ဦးအောင်ဆန်းကြည် (Stand Hotel) |
| ဦးထိုက်ထိုက် (ဥက္ကဋ္ဌ ပဲခူးတိုင်းအနောက်ပိုင်းစက်မှုကုန်သည်ကြီးများအသင်း) | ဦးအောင်မြင့် (ပါရမီရွှင်စတိုး) |
| ဦးမျိုးညွန့်၊ ဦးမျိုးလွင်ကျော် (Sony Showroom) | ဦးတင်ဦး (ရတနာပွဲရုံ) |
| ဦးမောင်မောင် (မျိုးသုခအထွေထွေကုန်ဆောင်) | Super Coffeemix (Pyay Branch) |
| ဦးကျော်လင်း (သန်းကြွယ်ပွဲရုံ) | ဦးသန်းထွန်းဦး (ဘူးစိမ်းကြီးလက်ဖက်ခြောက်) |
| ဦးသီဟဝင်း (Lucky Dragon Hotel) | ဦးနေလင်း (Hi - Tech ဆီစက်) |

အကောင်းဆုံး Warranty & Service

Technoland
Laptop RoadShow
28th August to 4th September
@ 36th Street, InyaRoad & Mandalay
09 730 24027 | 01 514 303 | 09 910 24812

## အညွှာပေါ်ပြီးဇွန့်နှိမ်ပံ့ လမ်းလျှောက်ပြိုင်ပွဲ ရုရှားမှ ဆော်မှာပါမွိ ယိခဲ့

မောင်မောင်မြင့်ဆွေ-ရေးသားသည်

***ဒေဂူ စက်တင်ဘာ ၁***

*တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ကျင်းပလျက်ရှိသည့် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၌ ရုရှားလမ်းလျှောက်မယ် အိုလ်ဂါကာနီစကီနာ* ***(ယာပုံ)****က ၁နာရီ ၂၉ မိနစ် ၄၂ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။*

*တရုတ်လမ်းလျှောက်မယ် လျူဟွန်က ၁ နာရီ ၃၀ မိနစ်ဖြင့် ဒုတိယရရှိခဲ့ပြီး ရုရှားလမ်းလျှောက်မယ် ကိတ်ယပ်ကီနာက ၁ နာရီ ၃၀ မိနစ် ၁၃ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ရုရှားအပြေးမယ် အိုလ်ဂါကာနီစကီနာသည် ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့် သတ်မှတ်ချက် တစ်ခု၌ရှိသူ ဖြစ်သည်။ သူမ၏ အကောင်းဆုံးလမ်းလျှောက်စံချိန်မှာ ၁ နာရီ ၂၅ မိနစ် ၁၁ စက္ကန့်ဖြစ်ရာ ယခုစံချိန်မှာ အနည်းငယ် ပိုမိုများပြားနေသည်။*

*ယခုပြိုင်ပွဲသည် ၂၀၀၉ ခုနှစ်က ကျင်းပခဲ့သော ဘာလင်ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲထက် ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်ကြောင်း ပြိုင်ပွဲအပြီး အိုလ်ဂါကာနီစကီနာက ပြောကြားခဲ့သည်။* ***(အင်တာနက်)***



## လုပ်ငန်းခွင်လက်တွေ့အသုံးချ မြေတိုင်းသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ လုပ်ငန်းခွင် လက်တွေ့အသုံးချမြေတိုင်းသင်တန်းကို စက်တင်ဘာ ၆ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သင်ကြားပေးမည်**

အဆိုပါသင်တန်းတွင် ကျွမ်းကျင်သောမြေတိုင်းပညာရှင်များက ခေတ်မီစက်ကိရိယာသစ်များအသုံးပြု၍ မြေတိုင်းတာခြင်းများ၊ လက်တွေ့ကွင်းဆင်းတိုင်းတာခြင်းများကို တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း အမှတ်-၃(က) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁ -၅၇၉၅၄၇၊ ၅၇၉၅၆၄၊ ၇၂၃၂၂၈နှင့် သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၄၅၁၇ နှင့် ၅၆၄၅၂၀ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နောင်ချို၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နောင်ချို စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အားမာန်ခန်းမ၌ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးရဲနိုင်အောင်က အခွန်ဆိုင်ရာများကို အကျယ်တဝင့် ပညာပေးရှင်းလင်းပြောကြားခဲ့ကာ တက်ရောက်လာသူများ၏ သိလိုသည့် အခွန်ဆိုင်ရာ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**

**လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ဆုနှင်းသဘင်အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မဆွေယဉ်ထိုက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။** (၁၂၂)

## ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ကြီးမှူး၍ Corporate Social Responsibility အတွက် ကျင်းပသော First Line Defence-Antibiotic Resistance in Current Treatment အကြောင်း ဆေးပညာဟောပြောပွဲကို စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)တွင် ကျင်းပမည်ဖြစ်သည်။

**တက်ရောက်နိုင်**

အဆိုပါဟောပြောပွဲတွင် ပါမောက္ခ ဦးစောဝင်းနှင့် ပါမောက္ခ ဦးချစ်စိုးတို့မှ ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

## ကြော်ငြာစာ

**ဘားအံခရိုင်တရားရုံးတော်၌**

**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၄**

**(တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈)**

| | |
|---|---|
| ဦးခင်စိုး<br>အိမ်အမှတ် (၅/၁၀၃၄)၊<br>သီရိရတနာ ၂လမ်း၊<br>အမှတ်(၅)ရပ်ကွက်၊<br>ဘားအံမြို့။ | ၁။ ဦးသန်းဌေး (ဥက္ကဋ္ဌ)<br>၂။ ဦးမောင်မောင်(ရာအိမ်မှူး)<br>အမှတ်(၁)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့။<br>၃။ ဦးရာဂျား (ဥက္ကဋ္ဌ)<br>၄။ ဦးစိုးအောင် (အတွင်းရေးမှူး)<br>၅။ ဦးဘာဆူး (ဘဏ္ဍာရေးမှူး)<br>၆။ ဦးတင်လှိုင် (အဖွဲ့ဝင်)<br>၇။ ဦးဆဲဂရူး (အဖွဲ့ဝင်)<br>၈။ ဦးထွန်းကြည် (အဖွဲ့ဝင်)<br>ကာလီမယ်တော်ကြီးဘုရားကျောင်း၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။<br>၉။ ဦးလှမြင့် (တာဝန်ခံမြေတိုင်းစာရေး)<br>မြေစာရင်းဦးစီးဌာန၊ ဘားအံမြို့။ |
| **တရားလို** | **တရားပြိုင်များ** |

အထက်အမည်ပါတရားလိုသည် တရားပြိုင်များအပေါ်ဘားအံမြို့၊ အမှတ်(၁) ရပ်ကွက်၊ အကွက်အမှတ် ၁၁၇၇-ဒ၊ ဘားအံတောင်၊ ဦးပိုင်အမှတ် ၂၅က/၂၊ ဧရိယာ ၇ ဒသမ ၅၅ ဧကရှိမြေကွက်နှင့်ပတ်သက်၍ ထာဝရတားဝရမ်း ထုတ်ပေးစေလိုမှုကို ဘားအံခရိုင်တရားရုံးတွင် တရားစွဲဆိုထားပါသည်။

သို့ဖြစ်ပါ၍ အမှုတွင်အကျိုးသက်ဆိုင် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်လိုပါက ၂၀၁၁ခုနှစ် စက်တင်ဘာ ၇ရက် (၁၃၇၃ခုနှစ် တော်သလင်းလဆန်း ၁၀ရက်၊ အင်္ဂါနေ့) နံနက် ၁၀နာရီတွင် လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ဤဘားအံခရိုင် တရားရုံးသို့ လာရောက်လျှောက်ထား နိုင်ကြောင်းကြေညာလိုက်သည်။ အကယ်၍လျှောက်ထားခြင်းမရှိလျှင် ဤရုံးတော်က သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ခုနှစ် ဩဂုတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**ဆွေဆွေ**
**ခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး၊ ဘားအံမြို့**






## လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဝင်းလှိုင်ဦး ၁၂/ဒဂတ(နိုင်)၀၀၇၈၆၃ နှင့် ကျွန်မ မဝင်းမာဦး ၁၂/ကတန(နိုင်)၀၀၀၃၁၇တို့သည် ၃၀-၈-၂၀၁၁ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရန်နိုင်အောင်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဝင်းလှိုင်ဦး-မဝင်းမာဦး**

## ကန့်ကွက်နိုင်ပါသည်

မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ကွန်ဒို အိမ်ရာ၊ တိုက်(Tower-B)၊ အခန်း(၁၀၀၇)၏ မူလအမည်ပေါက် ဒေါ်စိုးမိုးသူ ၁၂/မရက(နိုင်)၁၂၁၀၆၇ ထံမှ ဒေါ်ခင်မျိုးကျော် ၁၂/လမန(နိုင်)၀၈၅၉၄၂ က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာ(စီ)ရပ်ကွက်၊ တမာပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် အမည် (၁၆/ကန်သာဈေး)၊ ဦးပိုင်အမှတ် (၅၇/၄၃၆)၊ ပေ (၄၀×၆၀)၊ ဧရိယာ ဧက (၀ ဒသမ ၀၆၀)ရှိ မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင် ဦးကြည်လေးထံမှ ဝယ်ယူလက်ရောက်ရရှိထားသဖြင့် ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးလှသောင်း (ကွယ်လွန်) ၏ဇနီး ဒေါ်တင်တင်အေး ၈/မကန(နိုင်)၀၅၀၀၄၆ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်လင်းဦး (LL.B)**
**အထက်တန်းရှေ့နေ**
**[ဖန်ခါးမြေ(အိမ်ခြံမြေ)နှင့် စာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း]၊**
**မကွေးမြို့၊**
**ဖုန်း-၀၉-၃၀၇၁၇၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၄၇ ဟုခေါ်တွင်သော မြေကွက်အမှတ် (၇၁၁/က)နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်)၀၄၆၆၈၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနွယ်၏ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးကြည် (LL.B, D.B.L)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးညွန့်တင် (B.A, H.G.P)**<br>**ဦးချစ်လွင် (LL.B)**<br>**အထက်တန်းရှေ့နေများ** |

**အခန်း(၁)၊ အမှတ် ၅၁၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၁၁၂၅၇၇၊ ၀၉-၉၀၅၀၁၀၇**

# ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၁**

စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကွံ့ကော်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းဆောင်သစ် ရှေ့၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ခရိုင်ပညာရေးမှူး ဦးကြည်ဝင်း၊ အလှူရှင် သုခမ္မမဏိဇောတဓရ ဦးစိုးနိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင်အား ခရိုင်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ် အလံပေးအပ်ပြီးနောက် အလှူရှင်က ကျောင်းသား ကျောင်းသူလေးများ အတွက် စာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

**ကျောင်းဆောင်သစ်**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့နေ ဗိုလ်မှူးသန်းထွန်း (ငြိမ်း)-ဒေါ်ခင်မြတ်မွန် မိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်းပညာသင်ဆုအတွက် အလှူငွေကျပ်ငါးသိန်းကို ဖောင်ဒေးရှင်း အမှုဆောင်ဥက္ကဋ္ဌ ဦးစိုးဝင်း(ဆင်သရဖူ)ထံ ပေးအပ်လှူဒါန်းစဉ်။** (မြန်မာ့အလင်း)

# သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးနည်း သာစည်မြို့နယ်၌သရုပ်ပြ

**သာစည် စက်တင်ဘာ ၁**

သိပ္ပံနည်းကျ စိုက်ပျိုးနည်း (၁၄) ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြပွဲကို ဩဂုတ် ၁၀ ရက်က သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု တောင်သူ ဦးညို၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။ **(အောက်ပုံ)**

**လက်တွေ့သရုပ်ပြ**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ်စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ အောင်သာ၊ ရွာမွန်သာ၊ ဇီးပင်ပေါက်၊ မကျီးကန်ကျေးရွာများမှ တောင်သူများတက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မြင့်က စိုက်ပျိုးရေးနည်းစနစ်များ ဆွေးနွေးပြီးနောက် ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းကို လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အင်းလေးကန် ရေရှည်တည်တံ့ရေး ဟောပြော

**ညောင်ရွှေ စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝအမွေအနှစ်ဖြစ်ပြီး အာဆီယံတွင်လည်း ASEAN Cultural Heritage အဖြစ် သတ်မှတ်ခံထားရသည့် အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်အခြေအနေများထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီက အင်းလေးဖောင်တော်ဦးဘုရား ထိန်ထိန်လင်းမဏ္ဍပ်၌ကျင်းပသည်။ ဟောပြောပွဲတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများ၊ ခရီးသွားလုပ်ငန်းရှင်များအား အင်းလေးကန်မတိမ်ကောရေး၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးရေး၊ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ရေးတို့နှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကတညုတာ စတံမင်္ဂလ မုတ္တမံ = သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး
## ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
## ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ
## မေးခွန်းများ ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းအသစ်နှင့် အဆိုအသစ်တင်သွင်းခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် (၂၁၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က မေးခွန်း (၂)ခုကို မေးမြန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ပြန်လည်ဖြေကြားသည်။

### ဦးစားပေးရွေးချယ်

ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **“သံဖြူဇရပ်မြို့နယ်၊ သက်ကော့ ကျေးရွာမှ ရော်ဘာခြံဧက (၆၀၀)ကျော်ခန့်ကို တပ်မတော်မှ အမှန် သိမ်းမည်/မသိမ်းမည်ကို သိလိုပါကြောင်း၊ အရေးကြီး၍ တပ်မတော်မှသိမ်းမည်ဆိုပါလျှင် ရော်ဘာခြံ၏ ခေတ်ကာလတန်ဖိုးဖြင့် နစ်နာကြေးကို ခြံရှင်တောင်သူတို့အား ပေးလျော်နိုင်ရေး”** မေးခွန်းနှင့်စပ်လျဉ်း၍ မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွင့်လှစ်ရာတွင် တပ်မြေသိမ်းဆည်းရေးကိစ္စများကို ဆောင်ရွက်ရာ၌ နိုင်ငံတော် စီမံကိန်းဝင် သီးနှံများစိုက်ပျိုးသော မြေ၊ လယ်မြေ၊ ဥယျာဉ်မြေနှင့် သစ်တောကြိုးဝိုင်းမြေများကို သိမ်းဆည်းခြင်း မပြုရန်နှင့် မဖြစ်မနေသိမ်းဆည်းရပါက တပ်တည်ဆောက်ရေးအတွက် အမှန်လိုအပ်သည့် မြေဧရိယာကိုသာ သိမ်းဆည်းရန်၊ တပ်မြေနေရာပဏာမ ရွေးချယ်တင်ပြစဉ်ကပင် နိုင်ငံတော် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးသော မြေ၊ လယ်မြေ၊ ဥယျာဉ်မြေ၊ သစ်တောကြိုးဝိုင်းမြေနှင့် ဦးပိုင်မြေများ မပါဝင်စေဘဲ မြေလွတ်မြေရိုင်း၊ ပလပ်မြေများကိုသာ ဦးစားပေးရွေးချယ်စေရန်၊ ပုဂ္ဂလိကပိုင်လယ်၊ *စာမျက်နှာ ၈ ကော်လံ ၁* ✳

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

## သစ်၊ ဝါး၊ ကြိမ်တို့ဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်းများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု

နေပြည်တော် စက်တင်ဘာ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**
**အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၃၃/၂၀၁၁**

**နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့် အနေဖြင့် သစ်၊ ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်းများ၏ ပြည်ပပို့ကုန်ရောင်းရငွေ အပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)အရ ကင်းလွတ်ခွင့်ပြုလိုက်သည်။

၂။ အထက်အပိုဒ် ၁ ပါ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်သည် နိုင်ငံပိုင်ကဏ္ဍနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

**အမိန့်အရ**

**(တင်မျိုးကြည်)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**